# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၇)


## လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို၊ ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းလောင်းလှူ၊ ဘက်စုံလုပ်ငန်းများ လှည့်လည်ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်သို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

### ဆက်ကပ် လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော် ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

# မြန်မာ–ဖိလစ်ပိုင် ချစ်ကြည်ရင်းနှီးမှု တိုးတက်မြင့်မား နှစ်နိုင်ငံ ဘက်စုံအကျိုးဖြစ်ထွန်းမှု ဆက်လက်တိုးပွား

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီးသည့် အချိန်မှစ၍ နိုင်ငံတော်၏အကျိုးစီးပွားနှင့် ကိုက်ညီသည့် နိုင်ငံခြားရေးဝါဒကို ချမှတ်ကာ နိုင်ငံတကာနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်က ကျင့်သုံးလျက်ရှိသော လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒ၏ မူတစ်ရပ်သည် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးပင် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအားလုံးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါဂဲလ်အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ဖေဖော်ဝါရီလ ၂၀ရက်နေ့က တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၂၁ရက်နေ့က ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ရှိ မလာကန်ညန်နန်းတော်၌ ဖိလစ်ပိုင်သမ္မတအာရိုယိုနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ဒေသဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက–

**“မြန်မာ–ဖိလစ်ပိုင် နှစ်နိုင်ငံဆက်ဆံ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်သည်နှင့်အမျှ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေအပေါ် နားလည်ပေးမှု၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာ၌ပါ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း”**

ပြောကြားသွားသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတအာရိုယိုက–

**“နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ပင်မှုများ လုပ်ဆောင်နေခြင်းအပေါ် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လက်မခံပါကြောင်း၊ မြန်မာနိုင်ငံနှင့် အပြုသဘော ထိတွေ့ဆက်ဆံမှုလမ်းစဉ် (Constructive Engagement)ကို ဆက်လက်ကိုင်စွဲသွားမှာ ဖြစ်ကြောင်း၊ ဖိလစ်ပိုင်–မြန်မာ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် မိမိတို့ဆောင်ရွက် သွားမည်ဖြစ်ကြောင်း”**

ပြောကြားသွားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့သည် ၁၉၅၆ခုနှစ်မှ စတင်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည်။ နှစ်နိုင်ငံ အပြန်အလှန် စိတ်ကောင်း စေတနာထားမှု၊ နားလည်မှုများကို အခြေခံ၍ အစဉ်အလာ ချစ်ခင်ရင်းနှီးမှုကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ခဲ့ကြသည့် အစဉ်အလာကောင်းများလည်း ရှိခဲ့ကြသည့်အပြင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ မကြာခဏ အပြန်အလှန် လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ပေါ်စေလျက် ရှိသည်။

မြန်မာ–ဖိလစ်ပိုင် ပူးတွဲကော်မရှင် ပထမအကြိမ် အစည်းအဝေးကို ၂၀၀၄ခုနှစ် ဧပြီလက ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ဖိလစ်ပိုင်–မြန်မာ နှစ်နိုင်ငံပူးတွဲကော်မရှင် ဒုတိယအကြိမ် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပသွားရန် ယခုအခါ အဆင်သင့်ဖြစ်နေပြီဟု သိရသည်။ အဆိုပါ ပူးတွဲကော်မရှင် အစည်းအဝေးများ ပုံမှန်ကျင်းပသွားခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများ မြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်သည်နှင့် အမျှ နှစ်နိုင်ငံ ဘက်စုံအကျိုးဖြစ်ထွန်းမှုများ ဆက်လက်တိုးပွားလာမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး သဘောတူညီချက်များ အိန္ဒိယနှင့် ဩစတြေးလျားနိုင်ငံတို့ လက်မှတ်ရေးထိုးချုပ်ဆို

နယူးဒေလီ ဖေဖော်ဝါရီ ၂၂

**အိန္ဒိယနှင့်ဩစတြေးလျားနိုင်ငံတို့သည် ကျန်းမာရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှစ်ရပ်ကို ကြာသပတေးနေ့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည့်အပြင် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာရပ်နယ်ပယ်များတွင် ဆက်ဆံမှုများခိုင်မာစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။**

အဆိုပါသဘောတူညီစာချုပ်များကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ဩစတြေးလျားသမ္မတဟိုန်းဇ်ဖစ်ရှာတို့ ရင်ကြားစေ့ ဆွေးနွေးအပြီး၌ လက်မှတ် ရေးထိုးခဲ့ကြကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျားသမ္မတ ဟိန်းဇ်ဖစ်ရှာသည် ခြောက်ရက်ကြာ လည်ပတ်ရန် အိန္ဒိယနိုင်ငံသို့ ဗုဒ္ဓဟူးနေ့က ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် အခြေခံအဆောက်အအုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို ကျန်းမာရေးဝန်ကြီးအမ်ဘူမာနီရာမာဒေါ့စ်နှင့် ဩစတြေးလျားစီးပွားရေးရာဝန်ကြီးမာတင်ဘာတင်းစတိန်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ချန်ဒီဂါရှိ ဘွဲ့လွန်ဆေးပညာဌာနနှင့် အင်နက်စ်ဘရပ်ခ်ဆေး တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးရေးနားလည်မှု စာချွန်လွှာကို သက်ဆိုင်ရာ အကြီးအကဲများက လက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ်နှင့်ဩစတြေးလျားသမ္မတတို့၏ ဆွေးနွေးပွဲများသည် စီးပွားရေးရာကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်စူးစိုက်ခဲ့ကြပြီး သမ္မတဖစ်ရှာနှင့်အတူ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ် အများအပြား လိုက်ပါလာခဲ့သည်ဟု သိရသည်။

မိမိ၏ အိန္ဒိယနိုင်ငံ ခရီးသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တိုးမြှင့်ရာတွင် အောင်မြင်မှုရှိမည်ဟု အကောင်းရှုမြင်ကြောင်း သမ္မတဖစ်ရှာက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ရှိစဉ် သမ္မတဖစ်ရှာသည် ပြည်ပရေးရာဝန်ကြီးကေနာတဝါဆင်းအပြင် ကာကွယ်ရေးဝန်ကြီးပရာနက်ဘ်မူခါဂျီတို့နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးအောင်သန်းမြင့် | ကျောင်းအုပ်ကြီး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| (ခ) | ဗိုလ်မှူးကြီးစိုးဝင်း | ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန |
| (ဂ) | ဦးဝင်းဖေ | ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဒဗလျူတီအို၏ အောင်မြင်မှုရလဒ်များ ဆက်ထိန်းထားရန် မလေးရှားနှင့်နယ်သာလန်ဝန်ကြီးများ တိုက်တွန်း

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၂

**မလေးရှားနှင့် နယ်သာလန်တို့သည် အောင်မြင်မှုရလဒ်များကို ဆက်ထိန်းထားရန် လာမည့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) အစည်းအဝေးသို့ သောကြာနေ့က တိုက်တွန်းလိုက်သည်။**

မလေးရှားသို့ အလည်အပတ်ရောက်ရှိနေသော နယ်သာလန် စီးပွားရေးဝန်ကြီးလော့ရင့်ဂျန်ဘရင့်ပော့စ်နှင့် မလေးရှားနိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီးအာမက်ဟွတ်စ်နီမိုဟာမက်ဟာနက်လက်တို့ ကွာလာလမ်ပူ၌ တွေ့ဆုံဆွေးနွေးစဉ် ယင်းကဲ့သို့ တိုက်တွန်းပြောကြားလိုက်ခြင်း ဖြစ်သည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် ဟောင်ကောင်၌ ကျင်းပမည့် ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေး၌ အောင်မြင်မှုရလဒ်များကို ဆက်ထိန်းထားရန် အရေးကြီးကြောင်း အဆိုပါနှစ်နိုင်ငံက အလေးအနက် ပြောကြားလိုက်သည်။

ယင်းနှစ်နိုင်ငံသည် ကမ္ဘာ့စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုအပေါ်လိုအပ်သော မူဘောင်တစ်ရပ်ချမှတ်ရန် အသိအမှတ်ပြုထားကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက်စလုံးမှ ဝန်ကြီးများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၊ အီးယူအာဆီယံကုန်သွယ်ရေးကိစ္စ၊ အာရှ– ဥရောပအစည်းအဝေး(အက်ဆမ်) ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၂၄–၂–၂၀၀၅ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၉။ အပိတ်နှုတ်ဆက်စကား

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် မွေ့နန်းရကန်မှ စာဆိုရွှေတောင်နန္ဒသူ၏ အရေးအဖွဲ့စွမ်းရည် (ဒုတိယနှစ်–မြန်မာစာအထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း (အပိုင်း–၂၅)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရင်မှာတိုးဝှေ့ မွှေးနေဆဲ”** (အပိုင်း–၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပညာဉာဏ်ကြီး ဘုန်းမီးနေလ”**(အပိုင်း–၂၂)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

**ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကါပါဂဲလ် အာရိုယို၏ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် မနီလာမြို့ရှိ The Westin Philippine Plaza Hotel မှ ဗီလာမိုးလေတပ်စခန်းသို့ ဖေဖော်ဝါရီ၂၁ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့်ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာဟွေ့ခမ်ဟစ်နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။**

(သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သံအမတ်ကြီး ဦးတင်ထွန်း၏ဇနီး ဒေါ်နန်းဖောင်းနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြု နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုနှုတ်ဆက်ခြင်းကို ခံယူသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပို့ဆောင်နှုတ်ဆက်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အယ်လ်ဘတ်တိုရီမြူလို၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဝန်ကြီးဌာနဝန်ကြီး မစ္စတာ မိုက်ကယ်တီ၊ ဒီဖန်ဆာ၊ ဖိလစ်ပိုင်လေတပ်မတော်မှ Commanding General Lt. Gen. Jose L. Reyes၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိဘီအေ၊ ဂိုမက်စ်နှင့် မြန်မာသံအမတ်ကြီး ဦးတင်ထွန်းတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် မနီလာမြို့မှ ထွက်ခွာခဲ့ကြရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့ တန်ဆွန်နတ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ၆နာရီ မိနစ်၄၀တွင် ရောက်ရှိကြသည်။

### သံရုံးဝန်ထမ်းများကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တန်ဆွန်နတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟွေ့ခမ်ဟစ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်၊ စစ်သံမှူး ဗိုလ်မှူးကြီး တင်စိုးနှင့်သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

### နှုတ်ဆက်စကားပြော

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တန်ဆွန်နတ်အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ ခေတ္တ နားနေကြပြီး ဟိုချီမင်းမြို့

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ တန်ဆွန်နတ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဟိုချီမင်းမြို့ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာ ဟွေ့ခမ်ဟစ်က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကော်မတီရုံး ဒုတိယအကြီးအကဲ မစ္စတာဟွေ့ခမ်ဟစ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကြသည်။

### ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်မထွက်ခွာမီ မနီလာမြို့ ဗီလာမိုးလေတပ်စခန်းသို့ ရောက်ရှိလာရာ ဖိလစ်ပိုင်လေတပ်မတော်မှ Commanding General Lt.Gen. Jose L. Reyes က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း မနီလာမြို့မှ ဗီလာမိုး လေတပ်စခန်းတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုနှုတ် ဆက် ခြင်း ကို ခံယူစဉ်။**

(သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၇–၂–၂၀၀၅)ရက်နေ့**

**၂၀၀၅ခုနှစ်၊ မတ်လအတွက် (၁၃–၃–၂၀၀၅)ရက်နေ့ နှင့် (၂၇–၃–၂၀၀၅)ရက်နေ့**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

**အဆွေတော် သမ္မတအာရိုယိုနဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား –**

အဆွေတော်သမ္မတရဲ့ နွေးထွေးစွာကြိုဆိုတဲ့စကားများကို ကြားရတဲ့အတွက် အထူးဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ မနီလာမြို့ကိုရောက်ရှိချိန်ကစပြီး လှိုက်လှဲပျူငှာစွာကြိုဆိုမှုဟာ နှစ်နိုင်ငံအကြားမှာရှိနေတဲ့ ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်နေပါတယ်။ ယခုလို မိတ်ဆွေများနဲ့အတူ တွေ့ဆုံခွင့်ရတဲ့အတွက်လဲ များစွာကျေနပ်မိပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကိုယ်စား ဖိလစ်ပိုင်နိုင်ငံအစိုးရနဲ့ ပြည်သူများရဲ့ အထူးဧည့်ဝတ်ကျေပွန်မှုအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**နှစ်နိုင်ငံဆက်ဆံရေးတိုးတက်**

မြန်မာနိုင်ငံနဲ့ဖိလစ်ပိုင်နိုင်ငံတို့ဟာ သမုဒ္ဒရာခြားနေပေမယ့် ယဉ်ကျေးမှုဓလေ့ထုံးစံတွေမှာ တူညီမှုတွေရှိနေပါတယ်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်တဲ့ ၁၉၅၆ ခုနှစ်မတိုင်မီကတည်းက အပြန်အလှန်လေးစားမှု၊ စိတ်ကောင်းစေတနာထားရှိမှုတွေအပေါ် အခြေခံပြီး ဆက်ဆံခဲ့ကြပါတယ်။ ၁၉၉၇ခုနှစ်မှာ အာဆီယံအဖွဲ့ကြီးထဲကို မြန်မာနိုင်ငံဝင်ရောက်ခဲ့ချိန်ကစပြီး နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုတိုးတက်ကျယ်ပြန့်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်ရဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပနိုင်ခဲ့တာဟာ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်စေခဲ့ပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံရဲ့ စီးပွားရေးနဲ့ကုန်သွယ်မှု တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံအကြား ပို့ဆောင်ဆက်သွယ်ရေး ထူထောင်ဖို့အပါအဝင် အခြားပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဖိလစ်ပိုင်စီးပွားရေးအသိုင်းအဝိုင်းက တိုးမြှင့်ဆောင်ရွက်လိုတာကို တွေ့ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အားတက်မိပါတယ်။ နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားအတွက် နှစ်နိုင်ငံစီးပွားရေးနဲ့ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့်အလားအလာများကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ အဆွေတော်သမ္မတအနေနဲ့သဘောတူလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဖိလစ်ပိုင်ပြည်သူများရဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ဘက်စုံအောင်မြင်မှုများရရှိနေတာကို ကျွန်တော်တို့ အထင်တကြီးလေ့လာနေပါတယ်။ ပြီးခဲ့တဲ့ နှစ်များအတွင်းမှာ ဖိလစ်ပိုင်နိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ တိုးတက်အောင်မြင်မှုတွေရရှိခဲ့ပြီး ရှေ့ဆက်တိုးတက်သွားဖို့အခြေအနေများ ရှိနေတာကို တွေ့ရပါတယ်။ အဆွေတော်အစိုးရနဲ့ပြည်သူများရဲ့ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ဒီလိုအောင်မြင်မှုတွေ ရရှိနေတာ သက်သေပြနေပါတယ်။

**ကြိုးပမ်းဆောင်ရွက်**

ကျွန်တော်တို့အနေနဲ့လဲ မြန်မာနိုင်ငံကို ငြိမ်းချမ်းတည်ငြိမ်အောင် ဆောင်ရွက်ရာမှာ အောင်မြင်လျက်ရှိတာကို ဝမ်းမြောက်စွာ ပြောကြားလိုပါတယ်။ မြန်မာအစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ယုံကြည်မှုတည်ဆောက်လျက်ရှိတာမှာ အခုဆိုရင် ၎င်းတို့ဟာ ဥပဒေဘောင်ထဲကို ပြန်လည်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဒီအောင်မြင်မှုတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ခေတ်မီဖွံ့ဖြိုးပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် လမ်းခင်းပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ယခုအခါမှာ ဒီမိုကရေစီကူးပြောင်းရေးအတွက် အဆင့်(၇)ဆင့်ပါတဲ့ ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်နေပါတယ်။ တိုင်းရင်းသားလူမျိုးအားလုံးနဲ့ လူမှုအဖွဲ့အစည်းအလွှာအသီးသီးကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကြီးကိုလဲ ပြီးခဲ့တဲ့ ၄ ရက်က ပြန်လည်ကျင်းပနေပြီဖြစ်ပါတယ်။ ဒီတာဝန်တွေဆောင်ရွက်ပြီးတဲ့အချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်လာမှာဖြစ်ပြီး ပြည်သူများရဲ့မျှော်လင့်ချက်များ အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော်တို့အနေနဲ့ ပြည်သူများရဲ့ လူနေမှုအဆင့်အတန်းတိုးတက်အောင်လဲ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

တစ်နေ့တခြား တိုးတက်ပေါင်းစည်းလျက်ရှိတဲ့ ယနေ့ကမ္ဘာကြီးမှာ ကျွန်တော်တို့ဟာ ချစ်ကြည်ရင်းနှီးတဲ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့အနာဂတ်ဟာ နိုင်ငံရဲ့ကိုယ်ပိုင်လက္ခဏာကို ယုတ်လျော့မညှိုးနွမ်းစေဘဲ နိုင်ငံရေး၊ စီးပွားရေးအင်အားကို တိုးတက်စေမယ့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွေအပေါ် မူတည်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အာဆီယံအဖွဲ့ကြီးနဲ့ အဖွဲ့ကြီးရဲ့ ဒေသတွင်းစည်းလုံးရေးနဲ့ စီးပွားရေးပေါင်းစည်းရေးတွေကို များစွာအလေးထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ဖိလစ်ပိုင်နိုင်ငံကို အရေးပါတဲ့မိတ်ဆွေလို့ သဘောထားပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချင်းဆောင်ရွက်သလို အာဆီယံရဲ့မူဘောင်အတွင်းမှာ အတူပူးပေါင်းဆောင်ရွက်ကြရင်းနဲ့ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးအတွက် အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ကို နွေးထွေးစွာကြိုဆိုပြီး ခရီးစဉ်အတွင်းမှာ ကောင်းကောင်းမွန်မွန် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အဆွေတော်သမ္မတအား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**အဆွေတော်များ၊ ဂုဏ်သရေရှိဧည့်သည်တော်များနဲ့ မိတ်ဆွေများခင်ဗျား –**

- ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရေးအခွန့်ရှည်တည်မြဲစေဖို့အတွက် လည်းကောင်း၊
- အဆွေတော်သမ္မတအာရိုယို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေဖို့အတွက် လည်းကောင်း၊
- ယနေ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ မိတ်ဆွေများ ကျန်းမာချမ်းသာစေဖို့နဲ့ ပျော်ရွှင်ချမ်းမြေ့စေဖို့အတွက် လည်းကောင်း ကျွန်တော်နဲ့အတူ ဆုမွန်ကောင်းတောင်းဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျား။

**(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် သမ္မတ မဒမ်ဂလိုရီယာ မာကါပါဂဲလ် အာရိုယို မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

**အဆွေတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဂုဏ်သရေရှိ ဧည့်သည်တော်များ –**

ဧည့်သည်တော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနဲ့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်သစ် လေးနိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်ပါတယ်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာရားမို့စ်ဟာ ၁၉၉၇ခုနှစ်က မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ အဲဒီနှစ်ဟာ အာဆီယံအသင်းကြီးသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံ ဝင်ရောက်ခဲ့တဲ့နှစ် ဖြစ်ပါတယ်။

**တွေ့ဆုံ**

၁၉၉၈ခုနှစ်က မနီလာမြို့မှာ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံသို့ မြန်မာနိုင်ငံမှဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ခဲ့ပြီး အောက်လွှတ်တော်ဥက္ကဋ္ဌ De Venecia အပါအဝင် ဖိလစ်ပိုင်အစိုးရမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့ပါတယ်။

**ထင်ဟပ်ဖော်ဆောင်**

အာဆီယံအဖွဲ့ဝင်သစ် လေးနိုင်ငံအနက် သုံးနိုင်ငံမှ ခေါင်းဆောင်ကြီးများအား မိမိတို့ဧည့်ဝတ်ပြုခွင့်ရရှိပြီးဖြစ်ရာ ယခုကဲ့သို့ ဝန်ကြီးချုပ်အနေဖြင့် အိမ်နီးချင်းအာဆီယံနိုင်ငံ တစ်နိုင်ငံချင်းဆီသို့ သွားရောက်၍ အပြုသဘောဆောင်သည့် ဆက်ဆံရေးကို ဆွေးနွေးတည်ဆောက်နိုင်ရန် စီစဉ်ခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ယခုကဲ့သို့ဆောင်ရွက်ရန် စတင်လိုက်ခြင်းဟာ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းတို့နဲ့ ထိတွေ့ဆက်ဆံသွားမယ်ဆိုတဲ့ လေးနက်တဲ့ဝတ္တရားကို ဆောင်ရွက်သွားရန် အသိအမှတ်ပြုသည်ကို ထင်ဟပ်ဖော်ဆောင်လျက်ရှိပါတယ်။

**ဆုမွန်ကောင်းတောင်း**

မိမိတို့ပြည်သူများ အကျိုးအတွက် ဒေသတွင်းနဲ့ကမ္ဘာ့အသိုင်းအဝိုင်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကြီးမားသောစိန်ခေါ်မှုများကို မြန်မာနှင့်အာဆီယံတို့အနေဖြင့် တာဝန်ဝတ္တရားများကို သာတူညီမျှစွာ လက်တွဲဆောင်ရွက်သွားနိုင်ကြစေရန် မိမိတို့က ဆုမွန်ကောင်းတောင်းလျက်ရှိပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနဲ့ မြန်မာပြည်သူများအတွက် မိမိနှင့်အတူ ဆုမွန်ကောင်းတောင်းဖို့ ဖိတ်ခေါ်အပ်ပါတယ်။ **(သတင်းစဉ်)**

## Air Bagan လေကြောင်းအတွက် လေယာဉ်ထပ်မံရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ၏ ပုဂ္ဂလိက လေကြောင်းလိုင်းတစ်ခုဖြစ်သော Air Bagan လေကြောင်းသည် Fokker -100 အမျိုးအစား ဂျက်လေယာဉ် တစ်စင်း၊ ATR -72 လေယာဉ် တစ်စင်းနှင့် ATR-42 လေယာဉ် တစ်စင်း၊ စုစုပေါင်းလေယာဉ် သုံးစင်းဖြင့် ရန်ကုန်မြို့နှင့် မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ သံတွဲ၊ စစ်တွေ၊ မြစ်ကြီးနား၊ ပူတာအို၊ ပုသိမ်၊ ထားဝယ်၊ မြိတ်မြို့များသို့ ပုံမှန်ခရီးစဉ်များ ပျံသန်းလျက်ရှိပြီး အခြားမြို့များသို့လည်း စင်းလုံးငှား ခရီးစဉ်များ ပျံသန်းလျက်ရှိသည်။

**ထပ်မံရောက်ရှိ**

Air Bagan ပိုင် ATR - 42 လေယာဉ်တစ်စင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာသည်။ Air Bagan လေကြောင်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ခရီးစဉ်များ တိုးချဲ့ပျံသန်းသွားမည်ဖြစ်ပြီး ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လေကြောင်းခရီးဖြင့် အဆင်ပြေ လွယ်ကူစွာ သွားလာနိုင်ရန် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတက ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

**ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုက ဖေဖော်ဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် မနီလာမြို့ မလာကန်ညန်နန်းတော် Aguinaldo State Dining Room ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံ သည်။**

## တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ သမ္မတဟောင်း မစ္စတာ ဖီဒယ်လ်၊ ဗွီ၊ရားမို့စ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ဖိလစ်ပိုင်-မြန်မာ စီးပွားရေးကောင်စီအဖွဲ့ဝင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲမကျင်းပမီ ဖိလစ်ပိုင်သမ္မတ နိုင်ငံ သမ္မတနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့အား ဂုဏ်ပြု နေ့လယ်စာ စားပွဲသို့ တက်ရောက်လာကြသူများက တစ်ဦးချင်း နှုတ်ဆက်ကြသည်။

## ဆုတောင်းပတ္ထနာပြု

ထို့နောက် ဂုဏ်ပြုနေ့လယ်စာ စားပွဲကို Aguinaldo State Dining Room ၌ စတင်ကျင်းပရာ ဖိလစ်ပိုင် သမ္မတနိုင်ငံသမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုက မိန့်ခွန်းပြောကြားပြီး ဆုတောင်း ပတ္ထနာပြုသည်။

**(ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ၏ မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မိန့်ခွန်းပြောကြားပြီး ဆုတောင်းပတ္ထနာပြုသည်။

**(နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို သီးခြားဖော်ပြ ထားပါသည်။)**

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မလာကန်ညန်နန်းတော် မှ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ထွက်ခွာ ကြရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုက မော်တော်ယာဉ်သို့ ရင်းနှီးခင်မင်စွာ လိုက်ပါပို့ဆောင်နှုတ်ဆက်သည်။

**(သတင်းစဉ်)**

### ပို့ဆောင်နှုတ်ဆက်

**ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတ နိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုက ပို့ဆောင်နှုတ်ဆက် စဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ဩစတြေးလျ ဘုရင်ခံချုပ်(ဟောင်း) Sir Ninian Stephen ခေါင်းဆောင်သော ILO အထူးအဆင့်မြင့် ကိုယ်စား လှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့် သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ILO အထူးအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ဩစတြေးလျဘုရင်ခံချုပ်(ဟောင်း) Sir Ninian Stephen ခေါင်းဆောင်သော ILO အထူး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန် ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းနှင့် စီးပွားရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်နှင့်ကျပန်းစကားပြောပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၈နာရီမှ စတင်၍ သတ်မှတ်နေရာ အသီးသီး၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ အကြပ်နှင့် တပ်သား အဆင့် စစ်သည်တော် ကျင့်ဝတ် နှုတ်ဖြေပြိုင်ပွဲများကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန (ချော်တွင်း ကုန်း)ရှိ ခန်းမဆောင်များ၌ ကျပန်း စကားပြော ပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများကျင်းပရာသို့ ကာကွယ် ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိ များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် များ၊ အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲ ဝင် အရာရှိစစ်သည်များ တက်ရောက် ကြည့်ရှုအားပေးကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၅)ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၅)**(ယာပုံ)**တွင် တမာချစ်သူများအတွက် ဒို့ကျေးရွာ စကားဝိုင်း၊ မင်္ဂလာအပေါင်း ခညောင်းတဲ့ တို့ကျေးရွာအလှူ၊ တစ်နိုင်မွေးမြူရေး တို့ဝိုင်းကူ၊ ငါးမွေးမြူသူများအတွက် အခွန်အခပေးဆောင်ခြင်း အကြောင်း သိကောင်းစရာ၊ ပဲစင်းငုံနှင့် ငရုတ် ကောင်း စိုက်ပျိုးရေးကဏ္ဍများအပြင် နိုင်ငံ့ကျေးဇူးရှင်၊ ကျေးလက်ရနံ့ စသည့် ဆောင်းပါးများ၊ ရယ်ရွှင်စရာ ကာတွန်း ဟာသများ၊ ရုပ်ရှင်ဇာတ်ကြောင်းနှင့် မိုးလေဝသသတင်းများ ဝေဝေ ဆာဆာ ထည့်သွင်းဖော်ပြထားသည်။



ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂ (၁၀)လမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊၃၇၉၇၆၈တို့သို့ ဆက်သွယ် ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖေဖော်ဝါရီ ၂၁ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံမှ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစု များက မနီလာမြို့ ဗီလာမိုးလေတပ်စခန်းတွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်း-၃) (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

**ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဖရန်ကလင်ဒရီလွန်သည် ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ၂နာရီတွင် မနီလာမြို့ရှိ The Westin Philippine Plaza Hotel၁၁ထပ်ရှိ Imperial Suite ၌ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။**

**တွေ့ဆုံနှုတ်ဆက်**

အလားတူ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဟိုဆေးစီ၊ ဒီဗင်နေစီယာ ဂျူနီယာသည် မွန်းလွဲ ၂နာရီခွဲတွင် The Westin Philippine Plaza Hotel ၁၁ထပ်ရှိ Imperial Suite ၌ လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

## နှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဖရန်ကလင်ဒရီလွန်က နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ဂါရဝပြုတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဖရန်ကလင်ဒရီလွန်က ဂါရဝပြုတွေ့ဆုံစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဟိုဆေးစီ၊ ဒီဗင်နေစီယာဂျူနီယာက ဂါရဝပြုတွေ့ဆုံစဉ်။** (သတင်းစဉ်)

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## နှုတ်ဆက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာဟိုဆေးစီ၊ ဒီဗင်နေစီယာဂျူနီယာက နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၂-၂၀၀၅ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၁၀ ၇။ အကပဒေသာ

၈:၂၀ ၈။ ဆပ်သွားတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)

၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၃၀ ၇။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)

၁၇:၄၀ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး

၁၇:၅၀ ၉။ တေးဂီတအစီအစဉ်

၁၈:၀၀ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်

၁၈:၃၀ ၁၂။ ညနေခင်းသတင်း

၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၉)

၁၉:၃၀ ၁၅။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ (ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် အရေးပါမှု)

၁၉:၅၀ ၁၆။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**

၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှုတ်မရတဲ့ အချစ်ဆူး"** (အပိုင်း-၁) ရန်အောင်၊ မေသန်းနု၊ ဆုပန်ထွာ (ဒါရိုက်တာ-မြင့်ကျော်)

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

# တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး နိုင်ငံသားအားလုံးအတွက် အထူးလိုအပ်သော အခွင့်အရေးတစ်ရပ်ကို အခြေခံမူအဖြစ် ချမှတ်ထား

## အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိအဖွဲ့ဝင် ဦးမောင်လှ(ခ)ဦးလှမြင့်၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

**၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၏ 'တရားစီရင်ရေးကဏ္ဍ'နှင့် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းသည့် ဥပဒေပြုစာရင်းလျာထားချက် ကဏ္ဍ၁၁ခုထဲမှ တရားစီရင်ရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

### အထူးလိုအပ်

၂၀၀၄ခုနှစ် မေလ ၂၁ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူများအနက် နိုင်ငံတော်၏ ဦးတည်ချက်များနှင့်စပ်လျဉ်း၍ **'နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး'** ဟု အခြေခံမူတစ်ရပ်ချမှတ်ထားပါကြောင်း၊ ယင်းအခြေခံမူသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံးအတွက် အထူးလိုအပ်သည့် အခွင့်အရေးတစ်ရပ်ကို အခြေခံမူအဖြစ်ချမှတ်ထားခြင်း ဖြစ်ပါကြောင်း၊ ယင်းအခွင့်အရေးများကို မိမိတို့နိုင်ငံသားများ နစ်နာဆုံးရှုံးမှုမရှိအောင် အဆင့်ဆင့်သောတရားရုံးများနှင့် တရားသူကြီးများက အဓိကအားဖြင့် တာဝန်ယူဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တရားစီရင်ရေးဆိုင်ရာမူများအဖြစ် 'ဥပဒေနှင့်အညီလွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်ရရှိစေရေး' စသည့် အခြေခံမူများကိုလည်း ချမှတ်ထားပါကြောင်း။

မိမိ ယခုရှင်းလင်းတင်ပြသွားသည့် တရားဥပဒေကဏ္ဍတွင် အကျုံးဝင်သော အောက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့် မသင့် ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

(၁) တရားစီရင်ရေး၊ (၂)ရှေ့နေများ၊(၃) ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊ (၄)တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင် ပဋိညာဉ်၊ အနုညာတစီရင် ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့်ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊ အုပ်ထိန်းသူများနှင့်အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊ (၅) သက်သေခံဥပဒေ၊ (၆) ကာလစည်းကမ်းသတ်၊ (၇)အမှုတန်ဖိုးသတ်မှတ်ခြင်း၊ (၈) သီးခြားသက်သာခွင့်၊ (၉) နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊ (၁၀)ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊ (၁၁) ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများဖြစ်ပါသည်ဟု ရှင်းလင်းပြောကြားသွားပါကြောင်း။

### တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက "ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံမူထဲတွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သည့် ဥပဒေပြုရေး အာဏာကို ခွဲဝေအပ်နှင်းမည်ဆိုသည့် အပိုဒ်နှင့်အညီ မိမိတို့အဖွဲ့က တရားစီရင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုအာဏာအပိုင်းကို လေ့လာသည့်အခါ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဆွေးနွေးချက်သည် ပြီးပြည့်စုံပြီး သင့်လျော်ကြောင်း သဘောထားရရှိပါသည်" ဟုဆွေးနွေးတင်ပြသွားပါကြောင်း။

### ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က "တရားစီရင်ရေးဆိုင်ရာကဏ္ဍကို ဆက်လက်တင်ပြသွားပါမည်။ အမျိုးသားညီလာခံက တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော အခြေခံမူချထားသည့်အတွက် နိုင်ငံသားများအခွင့်အရေးဆုံးရှုံးမှုမရှိအောင် တရားရုံးနှင့် တရားသူကြီးများက ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး ဥပဒေနှင့်အညီ အဂတိတရားလေးပါး၊ တံစိုး သုံးပါးကင်းကင်းနှင့် ဆုံးဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း။

တရားမမှုများကို ကြားနာသည့်အခါ ပဋိညာဉ်ဆိုင်ရာကိစ္စ၊ အနုညာတစီရင်ဆုံးဖြတ်ရေးကိစ္စ၊ နစ်နာချက်များကိစ္စ၊ လူမွဲအဖြစ်ခံယူခြင်းဆိုင်ရာကိစ္စ၊ အမွေထိန်းနှင့် ပစ္စည်းထိန်းဆိုင်ရာကိစ္စ၊ မိသားစုဆိုင်ရာကိစ္စစသည့် ပြဋ္ဌာန်းချက်များကို လိုက်နာကြရပါမည်။ နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာကိစ္စ၊ ပင်လယ်ရေကြောင်းစီရင်ပိုင်ဆိုင်ခွင့်ဆိုင်ရာကိစ္စ၊ ပင်လယ်ဓားပြမှုဆိုင်ရာကိစ္စ၊ ပင်လယ်နှင့်ကောင်းကင်ယံကျူးလွန်သောပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဗဟိုအဆင့်ဥပဒေပြုအဖွဲ့အစည်းများကိုသာ အပ်နှင်းလေ့ရှိပါကြောင်း၊ တရားစီရင်ရေးကဏ္ဍတွင် အကျုံးဝင်သည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းရှင်းလင်းချက် ၁၁ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါသည်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က "အမျိုးသားညီလာခံက ချမှတ်ထားရှိပြီးဖြစ်သည့် အခြေခံမူများအနက် နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းပြီး နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဟု အခြေခံချမှတ်ထားပါကြောင်း။

တရားစီရင်ရေးနှင့်ပတ်သက်၍ ဆင်းရဲချမ်းသာ လူတန်းစားမခွဲခြားဘဲ နိုင်ငံတော်အတွင်း ဒေသအားလုံးတွင် တစ်ပြေးညီရှိလာမှာ ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ တရားစီရင်ရေးကဏ္ဍတွင် အကျုံးဝင်သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများချမှတ် သင့်မသင့် ရှင်းလင်းချက်ကိုလည်း ဆွေးနွေးရန်မရှိ သင့်လျော်ပါကြောင်း တင်ပြအပ်ပါသည်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ဤကဏ္ဍ ၁၁ ခုအနက် (၁)ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ (၂)နိုင်ငံခြားရေးကဏ္ဍ၊ (၃)တရားစီရင်ရေးကဏ္ဍတို့သည် နိုင်ငံတစ်နိုင်ငံလုံး၏ အရေးကိစ္စအတွက် ဆောင်ရွက်ရန်သင့်လျော်သည့် လုပ်ငန်းအခန်းကဏ္ဍများဖြစ်သဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ် အခြေခံရမည့်မူ ခုနစ်ချက်၊ နိုင်ငံခြားရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ ခုနစ်ချက်၊ တရားစီရင်ရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့်မူ ၁၁ချက်တို့သည် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြထားခြင်းသည် မှန်ကန်သင့်လျော်သည်ကို တွေ့ရှိရသည်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဤကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်က "တရားစီရင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ တင်ပြရလျှင် တရားစီရင်ရေးကဏ္ဍသည် တစ်နိုင်ငံလုံးတစ်ပြေးညီ ပြဋ္ဌာန်းရမည့် ကိစ္စရပ်များဖြစ်သည့်အတွက် တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် ၁၁ ချက်သည် ပြည့်ပြည့်စုံစုံရှိနေပြီးဖြစ်သည့်အတွက်ကြောင့် ထပ်မံဆွေးနွေးရန် မရှိတော့ပါ" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

### ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက "နိုင်ငံတော်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် စပ်လျဉ်း၍ အခြေခံမူများ ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ ဤအခြေခံမူသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား အားလုံးအတွက် အထူးလိုအပ်သည့် အခွင့်အရေးကြီးတစ်ရပ်လည်းဖြစ်ပါကြောင်း။

ထို့အပြင် တရားစီရင်ရေးဆိုင်ရာ မူများဖြစ်သည့် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပပိုင်ခွင့်နှင့် အယူခံပိုင်ခွင့်ရရှိစေရေးစသည့် အခြေခံမူများလည်း ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် တရားစီရင်ရေးဆိုင်ရာ ယန္တရားကြီးကို ကျွမ်းကျင်စွာမောင်းနှင်လည်ပတ်နိုင်ရန် တရားသူကြီးများ ဆိုင်ရာကိစ္စများ၊ တရားစီရင်ရေးဆိုင်ရာကိစ္စများ အစရှိသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းဖော်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးရန် မရှိပါကြောင်း တင်ပြအပ်ပါသည်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဤကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သော 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "အမျိုးသားညီလာခံက နိုင်ငံတော်ဦးတည်ချက်အခန်းတွင် အခြေခံမူအဖြစ် 'နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားပိုမိုထွန်းကားရေး'နှင့် တရားစီရင်ရေးဆိုင်ရာမူအရ 'ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သက်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး'စသည့် အခြေခံမူများကို စနစ်တကျချမှတ်နိုင်ခဲ့ပါကြောင်း၊ ဤအခွင့်အရေးများသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသား တိုင်းရင်းသားအားလုံးအတွက် အထူးသင့်လျော်လိုအပ်သည့် အခွင့်အရေးတစ်ရပ်ဖြစ်နေသည့်အပြင် တရားစီရင်ဆုံးဖြတ်ရာတွင်လည်း ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး တရားဥပဒေတစ်မျိုးတစ်စားတည်းသာ ထားရှိဆုံးဖြတ်သည်ကို တွေ့ရှိရပါကြောင်း၊ တရားစီရင်ရေးဆုံးဖြတ်မည့် တရားသူကြီးများ၊ ရှေ့နေ ရှေ့ရပ်များ၏ အရည်အချင်း၊ ထားရှိရမည့် သဘောထားခံယူချက်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ဖော်ပြထားသည်ကို လေ့လာသိရှိရပါကြောင်း။

**ရှင်းလင်းတင်ပြ**

**သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ (ခ)ဦးလှမြင့်က 'တရားစီရင်ရေး ကဏ္ဍ'နှင့် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ'တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

### တစ်ပြေးညီလိုက်နာဆောင်ရွက်

တရားစီရင်ရေးကိစ္စနှင့် ပတ်သက်ပြီး ခြုံငုံ၍ဆန်းစစ်ကြည့်သောအခါ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် အကြောင်းအရာကိစ္စရပ်များသည် နိုင်ငံအတွင်း တရားစီရင်ရေးကိစ္စ၊ တရားဥပဒေကိစ္စများနှင့် တိုင်းတစ်ပါးနှင့်လည်း ပတ်သက်အကျုံးဝင်နိုင်ဖွယ်ရှိသည့် တရားစီရင်ရေးကိစ္စများနှင့် ပြည့်စုံလုံလောက်စွာ ဖော်ပြထားပါကြောင်း၊ ဤကိစ္စများသည် နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီရှိပြီး လိုက်နာဆောင်ရွက်ရမည့်အပြင် နိုင်ငံတော်၏အမြင့်ဆုံး ဥပဒေပြုအာဏာပိုင် အဖွဲ့အစည်းကသာ ဥပဒေအဖြစ် ပြဋ္ဌာန်းရမည့် ကိစ္စဖြစ်သည့်အတွက်ကြောင့် ထိုတရားစီရင်ရေးကိစ္စများနှင့်ပတ်သက်၍ ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ရမည့် အချက်များ တစ်မှ ၁၁အထိပါရှိသည့် အချက်များသည် သင့်လျော်ပါသည်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ယင်းအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တရားစီရင်ရေးဆိုင်ရာ ရှင်းလင်းပြောကြားချက် ၁၁ချက်သည် ဆီလျော်ညီညွတ်မှုရှိသည့်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်း တွင် ထည့်သွင်းချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းချမှတ်သင့်သည့် တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြဆွေးနွေးလိုပါကြောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများအတွက် ၎င်းတို့နှင့်သက်ဆိုင်ရာ လူမျိုးအလိုက် ကျင့်သုံးခဲ့သော ရိုးရာဓလေ့ထုံးတမ်းအရ ညှိနှိုင်းဖြေရှင်းခြင်းကိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ ဒေသအခြေအနေအရ ထိုက်သင့်အားလျော်စွာ ကျင့်သုံးဆောင်ရွက်စေသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

### တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီး မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ်

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

# ဆရာတော်သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်အမှူးပြုသောပရိသတ်များ လှူဒါန်းမှုအစုစုရေစက်သွန်းချ

❒ ရှေ့ဖုံးမှ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ထေရဝါဒ ဩဝါဒါစရိယအဖွဲ့နှင့် ရန်ကုန်တိုင်း ဂိုဏ်းပေါင်းစုံ တိုင်းနှင့်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများ စုစုပေါင်း ၄၅ ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောသရအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော်ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော် ဆက်ကပ် လောင်းလှူကြစဉ်။
(သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော် ဆက်ကပ်လောင်းလှူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းသပိတ်တော် ဆက်ကပ်လောင်းလှူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တရာဇိန္ဒာဘိဝံသအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ ၁၀၈ပါးတို့အား ဆွမ်းသပိတ်တော် ဆက်ကပ်လောင်းလှူစဉ်။
(သတင်းစဉ်)

# မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး

ဒီကနေ့ကမ္ဘာကြီးတွင် Globalization ခေါ် ကမ္ဘာနဲ့အဝန်း လွှမ်းခြုံဆက်စပ်မှုဖြစ်စဉ်ကြီး ပေါ်ပေါက်လာနေပါတယ်။ ဒါဟာ ခေတ်မီအဆင့်မြင့် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်လာမှုရဲ့ အကျိုးဆက်များဖြစ်ပါတယ်။ ခေတ်မီအဆင့်မြင့် အရင်းရှင်စနစ်ရဲ့ ကမ္ဘာ့ဈေးကွက်ကြီးကို ဖန်တီးလာတဲ့ အကျိုးဆက်လဲဖြစ်တယ်။ ဒါကြောင့် ခေတ်မီသတင်း တက္ကနိုလိုဂျီ၊ ခေတ်မီဆက်သွယ်ရေးစနစ်၊ ခေတ်မီကွန်ပျူတာမျိုးစုံနဲ့ အလုပ်လုပ်ကြတဲ့ စီးပွားရေးကို ဒီဂျစ်တယ်စီးပွားရေးလို့ ခေါ်လာကြတယ်။ အဲဒီလို ဒီဂျစ်တယ်စီးပွားရေးရဲ့ ထူးခြားတဲ့ ဝိသေသတို့ကို အကြောင်းပြုပြီး စီးပွားအသစ်(New Economy)လို့လဲ ခေါ်ဝေါ်လာကြပါတယ်။

ဒီကနေ့လို အချိန်အခါမျိုးတွင် ခေတ်နောက်ကျတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအဖို့ အရင်းရှင်စနစ် (ဈေးကွက်စီးပွားရေးနဲ့ဒီမိုကရေစီ) ထူထောင်ကူးပြောင်းရာတွင် ဝေဒနာပြွမ်းတီးမှု အနည်းဆုံးသောလမ်းကို ရွေးချယ်နိုင်ဖို့လိုပါတယ်။ အထူးသဖြင့် မိမိတို့လူ့အဖွဲ့အစည်း အသင့်အနေအထားမဖြစ်သေးတဲ့ အခြေအနေတွင် ပြည်ပက ထိုးဖောက်ဝင်ရောက်လာတဲ့ လူမှုစနစ်ကြောင့် ကြီးမားတဲ့ ဆိုးကျိုးတွေ ကြုံလာနိုင်လို့ ဖြစ်ပါတယ်။

ကမ္ဘာမှာ အစွန်းရောက်လမ်းစဉ် (၂)ရပ်ရဲ့ ဆိုးကျိုးတွေကိုလဲ နိုင်ငံတကာပြည်သူတွေ ဆိုးရွားစွာ ခံစားလာခဲ့ရပြီးဖြစ်ပါတယ်။ အစွန်းရောက်လမ်းစဉ်တစ်ရပ်ကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်မှာ စက်မှုအရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးကမှတစ်ဆင့် မဟုတ်ဘဲ လက်ငင်းချက်ချင်း ဆိုရှယ်လစ်စနစ် တည်ဆောက်ခဲ့မှုဖြစ်ပါတယ်။ ဒါဟာနိုင်ငံကို ချက်ချင်းလောကနိဗ္ဗာန်ခေတ်ရောက်လိုမှု ဆန္ဒစွဲလက်ဝဲစွန်းအမှား ဖြစ်ပါတယ်။ အဲဒီလို စီးပွားရေးနဲ့ နိုင်ငံရေးကို ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်တွေဟာ အရင်းရှင်စနစ်ကို မယှဉ်ပြိုင်နိုင်တဲ့အတွက် ကျဆုံးသွားခဲ့ရတာ ဖြစ်ပါတယ်။ ခေတ်နောက်ကျတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဟာ စက်မှုအရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးကမှတစ်ဆင့်သာ ခေတ်သစ်သိပ္ပံဆိုရှယ်လစ်စနစ်ကို ထူထောင်နိုင်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ဆန္ဒစွဲနဲ့ ဖောက်ဖျက်ခဲ့လို့ဖြစ်ပါတယ်။ ဒါကြောင့် အချို့ဆိုရှယ်လစ်နိုင်ငံတွေဟာ စက်မှုအရင်းရှင်းစနစ်ကို ပြန်လည်ထူထောင်ပြီး လမ်းမှန်ကို လျှောက်လှမ်းခဲ့ရတာ ဖြစ်ပါတယ်။

အစွန်းရောက် နောက်လမ်းစဉ်တစ်ရပ်ကတော့ ခေတ်ဟောင်း ဆိုရှယ်လစ်နိုင်ငံများနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ဟာ ဒီမိုကရေစီ ထူထောင်ကူးပြောင်းရာမှာ အနောက်ဥရောပ ဒီမိုကရေစီကို ချက်ချင်းပုံတူကူး ကျင့်သုံးခဲ့မှုပဲ ဖြစ်ပါတယ်။ ဒါဟာ မိမိတို့လူ့အဖွဲ့အစည်းရဲ့ ပကတိအခြေအနေမှန်ကို ဆင်ခြင်သိမြင်နိုင်စွမ်းမရှိတဲ့ ဆန္ဒစွဲ လက်ယာစွန်းအမှား ဖြစ်ပါတယ်။ အဲဒီလို မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်မှုမရှိတဲ့ အနောက်ဥရောပ ဒီမိုကရေစီကို ချက်ချင်းပုံတူကူး ကျင့်သုံးခဲ့တဲ့ အရှေ့ဥရောပနိုင်ငံအချို့မှာ သွေးချောင်းစီးပြိုကွဲမှုတွေ၊ ပြည်သူလူထုတစ်ရပ်လုံး အတိဒုက္ခကြီးစွာကြုံတွေ့ရမှုတွေက မျက်ဝါးထင်ထင် သက်သေသာကေပြုလျက်ရှိပါတယ်။ အမေရိကန်နဲ့ အနောက်ဥရောပ အရင်းရှင်နိုင်ငံတွေဟာ သူတို့နိုင်ငံတွေရဲ့ လက်ရှိဘဝမျိုးကို ရောက်ဖို့ မျိုးဆက်ပေါင်းများစွာနဲ့ အချိန်ယူပြီး ထူထောင်လာခဲ့ရတာဖြစ်ပါတယ်။ ဒီနိုင်ငံတွေနဲ့ သမိုင်းကြောင်းနောက်ခံတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ လူမှုဘဝတွေမတူညီတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်က အဲဒီနိုင်ငံတွေရဲ့ လုပ်နည်းလုပ်ဟန်ကိုအတုခိုးပြီး ထပ်တူပြုဖို့ကြိုးပမ်းတာဟာ အနောက်မျှော် စိတ်ကူးယဉ်ဒီမိုကရေစီလမ်းစဉ်သာဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါနိုင်ငံတွေအနေနဲ့လဲ သူတို့နိုင်ငံတွေရဲ့ ဒီမိုကရေစီစံတွေကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပုံတူကျင့်သုံးဖို့အလောတကြီး အလျင်စလို တွန်းအားဖိအားပေးနေမှုတွေဟာ ဩဇာခံတပည့်မွေးမှုသာဖြစ်ပါတယ်။ ဒီကနေ့ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံများကို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေ ကိုယ်တိုင်ကိုယ်ကျ ကျူးကျော်ဝင်ရောက်ပြီး ဒီမိုကရေစီနိုင်ငံ ချက်ချင်းဖြစ်စေသတည်းလုပ်ဆောင်နေတဲ့အတွက်ကြောင့် အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီရေးနဲ့ လွန်စွာအလှမ်းဝေးတဲ့ လောကငရဲအခြေအနေဖြစ်ပေါ်ပြီး အပြစ်မဲ့ ပြည်သူတွေ ဘုမသိဘမသိနဲ့ နေ့စဉ် သေပွဲဝင်နေရမှုတွေနဲ့သာ ကြုံနေကြရပါတယ်။

အဲဒီလို အစွန်းရောက်လမ်းစဉ်(၂)ရပ်ရဲ့ဒဏ်ကို နောက်တစ်ဖန် မကြုံရစေရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ ဒီမိုကရေစီ ထူထောင်ရေးလမ်းကိုသာ ရွေးချယ်ကြရမှာဖြစ်ပါတယ်။

အထူးသဖြင့် **ဒီကနေ့ အာဆီယံ၊ တရုတ်၊ တောင်ကိုရီးယားစတဲ့ နိုင်ငံများဟာ အစွန်းရောက်လမ်းစဉ်(၂)ရပ်ရဲ့အန္တရာယ်ကို ရှောင်ကြဉ်လာနိုင်တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ လမ်းကြောင်းအတိုင်း လျှောက်လှမ်းပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်လာနိုင်တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။**

ဒီကနေ့ မြန်မာနိုင်ငံဟာလဲ အစွန်းရောက်လမ်းစဉ်(၂)ရပ်ရဲ့ အန္တရာယ်ဘေးနဲ့ ကင်းဝေးအောင်ရှောင်ကြဉ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေတာ

## အောင်မိုးခံ

ဖြစ်ပါတယ်။ ဒီမိုကရေစီ အမြစ်တွယ်ရှင်သန်ထွန်းကားလာရေးအတွက် အခြေခံအကျဆုံး အကြောင်းတရားဟာ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထုတစ်ရပ်လုံး လူနေမှုအဆင့်အတန်း မြင့်မားလာရေးနဲ့ အသိအမြင် ဆင်ခြင်ဉာဏ်ပြည့်ဝလာရေးသာ ဖြစ်ပါတယ်။ ဘယ်ပုဂ္ဂိုလ်ရေးနဲ့မှ မသက်ဆိုင်ပါ။ အခုလို ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး အခြေခံအကြောင်းတရားတွေ ပျက်ပြားအောင် စီးပွားရေးပိတ်ဆို့ အရေးယူထားတဲ့ အနောက်အုပ်စု အပေါင်းပါတွေဟာ ပြောတော့ဆေး ကျွေးတော့ အဆိပ်ဆိုသလို မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ကျင့်သုံးနေတာဖြစ်ပါတယ်။

အခုရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသစ် ဖြစ်လာတဲ့ ပုဂ္ဂိုလ်က မြန်မာနိုင်ငံကို အာဏာရှင်နိုင်ငံအဖြစ် ဆီးနိတ်လွှတ်တော်မှာ ထည့်သွင်းပြောကြားတဲ့ သတင်းတွေကို အနောက်ဩဇာခံ သတင်းဌာနတွေက အလျှံပယ်လွှင့်ပေးနေပါတယ်။ ကမ္ဘာမှာမပေါ်ပေါက်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ရဲ့ ဩဝါဒစကားအလား အလုအယက် ကောင်းချီးဩဘာ ဝိုင်းပေးနေကြတာဖြစ်ပါတယ်။ ဒါဟာ Grapes are sour. Lit: To throw dust at forbidden meat မစားရတဲ့အမဲ သဲနဲ့ပက်တဲ့လုပ်ရပ်မျိုးသာ ဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါနိုင်ငံအချို့ရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးအကြောင်းပြုပြီး နိုင်ငံတကာမှာ ဝင်ရောက်စွက်ဖက်နေမှု၊ ဩဇာခံ အရွေ့အရံနိုင်ငံဖြစ်အောင် ကျူးကျော်ဝင်ရောက်ဖာတ်သွင်းနေမှုတွေ လုပ်လာတဲ့ အတွက် ဖွံ့ဖြိုးဆဲ နိုင်ငံများအဖို့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနဲ့ ပတ်သက်လို့ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူပြောခဲ့တဲ့ သဘောထား အမြင်တွေဟာ သတိပြု မှတ်သားဖွယ်ရာ ဖြစ်ပါကြောင်း အောက်ပါအတိုင်း တွေ့ရပါတယ်။

**ဒီမိုကရေစီ ပြုပြင်ရေးလုပ်ရာမှာ ဗြိတိန်နဲ့ အမေရိကန်တို့လို ဒီမိုကရေစီ အရင့်အမာကြီးတွေဟာလဲ လူတိုင်းမဲပေးခွင့်နဲ့ စခဲ့တာမဟုတ်ဘူး။ ပထမအခြေခံအဆင့် ပစ္စည်းပိုင်ဆိုင်သူတွေ၊ နောက်ပိုင်းမှာ ပညာအရည်အချင်းတွေနဲ့ မဲပေးခွင့်ရခဲ့ကြတယ်။ တဖြည်းဖြည်းနဲ့ နိုင်ငံမှာ အသိပညာရေ ဥစ္စာဓနပါ ပြည့်စုံလာမှသာ မဲပေးခွင့်ဟာ အောက်ခြေအလုပ်သမားအထိ ရလာတယ်။ ဒီကနေ့ တရုတ်လို တိုင်းပြည်ကြီးမျိုးမှာ နှစ်မျိုးနှစ်စား ခွဲခြားကျင့်သုံးသင့်တယ်။ မြို့တွေလို ပညာတတ်လူဦးရေများတဲ့ နေရာတွေမှာ တိုက်ရိုက်ကိုယ်စားလှယ်ပြု ရွေးချယ်ခွင့်ပေးပြီး ပညာအရည်အချင်းနိမ့်တဲ့ ကျေးလက်တွေမှာတော့ သွယ်ဝိုက် ကိုယ်စားလှယ်ပြုစနစ်(Indirect Representation)ကျင့်သုံးရမယ်။ တရုတ်ကို ဖွတ်အတင်း နိုင်ငံရေးပြုပြင်မှု မလုပ်စေဖို့ အနောက်ကမ္ဘာကို အကြံပေးခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်နဲ့ ပတ်သက်လို့ကတော့ ဆိုဗီယက်ယူနီယံလို မပြိုကွဲစေသင့်ဘူး။ အာရှတိုက်တစ်ခုလုံး ဒုက္ခရောက်မှာမို့ပဲ။ ချင်(Qing) မင်းဆက်ပြုတ်ပြီးတဲ့နောက်ပိုင်း အနှစ် ၁၅၀လောက်အထိ ကသောင်းကနင်း ကာလကို တရုတ်ပြည် ဖြတ်သန်းခဲ့ဖူးတယ်။ အဲဒီလို ကြီးမားတဲ့ ဗရုတ်သုတ်ခ ကာလမျိုး ထပ်ဖြစ်မလာဖို့အရေးဟာ အာရှရော၊ ကမ္ဘာ့အကျိုးစီးပွားနဲ့ပါ သက်ဆိုင်နေတယ်။ နောက်အနှစ်၂၀အတွင်း အရှေ့အာရှဟာ ဖွံ့ဖြိုးပြီးနိုင်ငံများ ဘဝကို တက်လှမ်းတော့မယ်။ တရုတ်ပြည်သာ ပြိုကျသွားရင် ဒီလိုမဖြစ်နိုင်တော့ဘူး။ တရုတ်နဲ့ပတ်သက်လို့ ရေရှည်အကျိုးကို စောင့်ကြည့်သင့်တယ်။ တရုတ်ဟာ ခေတ်ဟောင်းကို ပြန်သွားတော့မယ်မဟုတ်ပါ။ ခေတ်မီနည်းပညာတွေက ဆွဲခေါ် ပြောင်းလဲသွားပါလိမ့်မယ်။**

**၁၉၈၉ခုနှစ် တရုတ်ပြည်ဆန္ဒပြမှုဟာ ဒီမိုကရေစီထက် လာဘ်စားအကျင့်ပျက်မှုနဲ့ ကိုယ်ကျိုးရှာမှုတွေကို ရပ်စဲဖို့လိုလားတဲ့ ဆန္ဒပြမှုတွေပါ။ ဂျပန်၊ တိုင်ဝမ်၊ တောင်ကိုရီးယားနဲ့ စင်ကာပူတို့ဟာ အမေရိကန်၊ ဥရောပ ပုံစံတူ လိုက်လုပ်နေတယ်လို့ မမြင်ပါ။ သူတို့အစဉ်အဆက်ကျင့်သုံးလာတာကို လုံးလုံးစွန့်ပစ်ရိုးထုံးစံ လူ့အဖွဲ့အစည်းတွေမှာ မရှိပါ။ လက်ရှိ အနေအထားထက်တော့ ပိုကောင်းအောင် ကြိုးစားကြမှာပဲ။ မိမိတို့ရဲ့ လူမှုစီးပွားရေးတိုးတက်မှုကို အနောက်ပုံစံက အထောက်အပံ့ဖြစ်စေတယ်ဆိုရင် အသုံးပြုမှာပဲ။ အမေရိကန်ပုံစံယူတဲ့ တချို့နိုင်ငံမအောင်မြင်ဘူး။ အာရှမှာ ချမ်းသာကြွယ်ဝချိန်ဖြစ်စေ၊ ဒုက္ခရောက်ချိန်ဖြစ်စေ ပုဂ္ဂလိကရဲ့အခန်းကဏ္ဍဟာ လူ့အဖွဲ့အစည်းထက်ပိုလွန် တန်ဖိုးမရှိခဲ့ဘူး။ လူ့အဖွဲ့အစည်းဟာ ပုဂ္ဂလိကထက် ပိုလွန်တန်ဖိုးရှိတာချည်းပါပဲ။ ဒီအချက်ဟာ အာရှကို ဒုက္ခဆင်းရဲတွင်းထဲ မကျရောက်အောင် ကယ်တင်ခဲ့တယ်လို့ ထင်တယ်။**

**လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ပတ်သက်လို့ သမိုင်းကို ပြန်ကြည့်ရအောင်။ ဒီကြေညာချက်ဟာ ဒုတိယကမ္ဘာစစ်ကို အောင်နိုင်တဲ့ မဟာမိတ်တွေ ရေးဆွဲခဲ့တာဖြစ်တယ်။ အချို့သော နိုင်ငံတွေဟာ သူတို့ လက်မှတ်ထိုးခဲ့တဲ့ အဲဒီအချက်တွေကို တစ်ခုမှမယုံကြည်ဘူး။ တရုတ်ကူမင်တန်အစိုးရကလဲ ကွန်မြူနစ်တိုက်ဖျက်ရေးမှာ အမေရိကန်ရဲ့ အကူအညီရအောင်လို့သာ လက်မှတ်ဝင်ထိုးခဲ့တာပါ။ ဒါကြောင့် ဒီကြေညာချက်တွေကို အောင်နိုင်သူတွေက ဆုံးဖြတ်ခဲ့တယ်။ ကျန်ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေကလဲ အသိသက်သေ သဘောလောက်သာ လက်မှတ်ထိုးခဲ့ကြတာပါ။ ဒါပေမယ့် လူ့အခွင့်အရေးရှိမှ အကူအညီပေးမယ်ဆိုတဲ့မူကို ကျင့်သုံးလာရင်တော့ အခြေအနေတွေဟာ တစ်မျိုးဖြစ်ကုန်လိမ့်မယ်။ အခုအခါ အဲဒီလူ့အခွင့်အရေး ကြေညာချက်ကို အလေးအနက် ပြန်လည်သုံးသပ်လာကြပါပြီ။**

ဒါကြောင့် မြန်မာနိုင်ငံကို ပြည်ပကဘယ်လိုပင်တွန်းအားတွေ၊ ဖိအားတွေ ပေးနေပါစေ။ အစွန်းရောက်လမ်းစဉ်(၂)ရပ်ရဲ့ အန္တရာယ်ကို ရှောင်ကြဉ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကိုသာ တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းသွားဖို့သာဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဒီကနေ့ အာဆီယံ၊ တရုတ်၊ တောင်ကိုရီးယားစတဲ့ နိုင်ငံများဟာ အစွန်းရောက်လမ်းစဉ် (၂)ရပ်ရဲ့အန္တရာယ်ကို ရှောင်ကြဉ်လာနိုင်တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ လမ်းကြောင်းအတိုင်း လျှောက်လှမ်းပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်လာနိုင်တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

# လားရှိုးမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံနှင့် ကိုယ်ပွားသတင်းစာတိုက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးထွန်းမင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၁၈ရက် ညနေ၄နာရီခွဲက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လားရှိုးမြို့ ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိလာကြရာ လားရှိုးမြို့ ထပ်ဆင့်လွှင့်စက်ရုံမှ အင်ဂျင်နီယာမှူးဦးစိန်သောင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

## ဖြည့်စွက်မှာကြား

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို လားရှိုးမြို့ ထပ်ဆင့်လွှင့်စက်ရုံမှ ထပ်ဆင့်ထုတ်လွှင့်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးဦးစိန်သောင်းက လားရှိုးမြို့မှ ၁၅မိုင်အကွာအဝေးရှိ ပတ်ဝန်းကျင်ဒေသများသို့ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်မှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာ ကြားသည်။

## ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ညနေ၅နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လားရှိုးမြို့ကိုယ်ပွားသတင်းစာတိုက်သို့ ဆက်လက်သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖေဖော်ဝါရီ ၂၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ကြီး ရပ်ကွက် ပညာ့ဗိမာန်ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပွဲနှင့် အရှည်တည်တံ့ရေးအထောက်အကူပြု ဆွေးနွေးပွဲကို ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

**စာမျက်နှာ ၈မှ**

ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစက်ချ မင်္ဂလာ အခမ်းအနားကို နံနက် ၇နာရီ ၁၅ မိနစ်တွင် လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်တော်မူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများသည် ဆရာတော် သံဃာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

## ဆွမ်းလောင်းလှူ

ရေစက်ချမင်္ဂလာအခမ်းအနား အပြီးတွင် ဆွမ်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသော ပဉ္စင်းသံဃာ ၁၀၈ ပါးတို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က ဦးဆောင်၍ ဆွမ်းဘောဇဉ် ချိုချဉ်ရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဓမ္မတေးများဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ပေးသည်။

အလားတူ ဘုရားရင်ပြင်တော်နှင့် တောင်ဘက်စောင်းတန်းထိပ်၊ ရင်ပြင်တော်နှင့် မြောက်ဘက်စောင်းတန်း တစ်လျှောက်တို့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ရန်ကုန်တိုင်းသာသနာရေး ဦးစီးဌာနမှူး ဦးစံသင်းလှိုင်က အလှူရှင်များကိုယ်စား အမျှပေးဝေပြီး ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား အပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မင်းဓမ္မကုန်းတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများနှင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြည်ညိုသည်။**(သတင်းစဉ်)**

# အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ သဘောထားတင်ပြချက်စာတမ်းများ ဖတ်ကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်က ရှင်းလင်းပြောကြားချက်အပေါ် အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေးတင်ပြနိုင်ရန် မိမိတို့၏သဘောထားတင်ပြချက် စာတမ်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလှည့်ကျသဘာပတိအဖြစ် ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးကျော်ဝင်းထွန်းနှင့် ဦးခင်မောင်အေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ဆွေးနွေးပွဲတွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၄၈ဦးရှိသည့်အနက် ၄၈ဦးစလုံးတက်ရောက်လာသည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် ဆွေးနွေးပွဲ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးဘိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအဖွဲ့ဝင် ဦးကျော်ဝင်းထွန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်းသည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဦးဘိုသိန်းက အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့် အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်များထံမှ သဘောထားရယူပြီး အတည်ပြုကြောင်းကြေညာသည်။ ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏သဘာပတိအဖွဲ့ ပြည်နယ်နှင့်တိုင်းများမှ စာတမ်းပြုစုမည့်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း ၁၄ ခုတို့မှ စာတမ်းပြုစုကြမည့် ကိုယ်စားလှယ် ၁၄ဦးတို့၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းပြုစုရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၃)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် မန္တလေးတိုင်းမှ ဦးမြစိန်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ ပြည်နယ်နှင့်တိုင်း ၁၄ခုတို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ၁၄ ဦးတို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဦးဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ အကြံပြုချက် ၁၆ ချက်ကို ဖတ်ကြားတင်ပြ၍ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ မွန်းလွဲ ၁ နာရီခွဲတွင် ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားများဒေသတွင် နိုင်ငံတော်က ပြဋ္ဌာန်းထားသောဥပဒေများနှင့်မဆန့်ကျင်သရွေ့ မိမိတို့၏ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ခွင့်ကို လက်ရှိအတိုင်း ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ပြုပါရန် တင်ပြ

**စာမျက်နှာ ၇ မှ**

မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "တရားစီရင်ရေးကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် သင့်လျော်မှန်ကန်သည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါ"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်က "နိုင်ငံတော်၏ဦးတည်ချက်များတွင် 'နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး' ဟုဖော်ပြထားသည့်အပြင် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအဖြစ် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိစေရေးစသည့် အခြေခံမူများကိုလည်းချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ၊ မည်သည့်အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ ဥပဒေပေါ်တွင် မရှိစေဘဲ ဥပဒေနှင့်အညီ တန်းတူညီမျှသည့် အခွင့်အရေးကို ရရှိခံစားခွင့်ရှိရပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြထားသည့် တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်ရမည့်ကိစ္စရပ်များသည် ပြီးပြည့်စုံပြီးဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများအဖြစ် ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

## ချစ်ကြည်ရင်းနှီးမှုပိုမို

ထို့အပြင် သီးခြားအကြံပြုချက်အနေနှင့် "ပြည်ထောင်စုမြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှနေထိုင်သည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ ကိုယ်စီကိုယ်င လိုက်နာကျင့်သုံးရင်းယှဉ်တွဲနေထိုင်လာကြသည်မှာ ယခုထက်တိုင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေစည်းကမ်းများကိုလည်း မချိုးမဖောက်ကြပါ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှာသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာသော်လည်းကောင်း အသီးသီးနေထိုင်ကြသည့် တိုင်းရင်းသားများသည် မိမိတို့ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးလာခဲ့သည့် ကိုယ်ပိုင်ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ လူမှုရေးကိစ္စအဝဝတို့ကို ကျေကျေနပ်နပ်ပြီးပြတ်အောင် ညှိနှိုင်းဖြေရှင်းသည့် အစဉ်အလာရှိနေတုန်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် မဆန့်ကျင်စေဘဲ လူမှုရေးကိစ္စများကို သက်ဆိုင်ရာတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများနှင့်အညီ ညှိနှိုင်းဖြေရှင်းခွင့်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ညှိနှိုင်းဆောင်ရွက်ပေးခြင်းအားဖြင့် ချစ်ခင်ရင်းနှီးမှုကို ပိုမိုဆောင်ကြဉ်းလာနိုင်ပါကြောင်း အလေးအနက်အကြံပြုဆွေးနွေး တင်ပြအပ်ပါကြောင်း၊ မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းများကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာကျပါသည်"ဟု အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က "အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများအရ အဆင့်ဆင့်သော တရားရုံးများမှာ တာဝန်ထမ်းဆောင်ကြရသည့် တရားသူကြီးများအနေနှင့် တရားစီရင်ဆုံးဖြတ်ကြရာတွင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများအတွက် တရားဥပဒေ တစ်မျိုးတစ်စားတည်းသာထားရှိပြီး တရားစီရင်ဆုံးဖြတ်ကြရမှာဖြစ်ကြောင်း၊ တရားစီရင်ရေးအာဏာကို မိမိကိုယ်ပိုင်အာဏာသဖွယ် ကိုင်တွယ်ဆောင်ရွက်ခွင့်ရှိကြမည်မဟုတ်ကြောင်း၊ တရားစီရင်ရေးယန္တရားကြီးကို ကျွမ်းကျင်စွာ မောင်းနှင်လည်ပတ်နိုင်ရန် တရားသူကြီးများအနေနှင့် တရားဥပဒေအရာမှာ အရည်အချင်း ပြည့်ပြည့်ဝဝရှိဖို့ လိုအပ်သည့်အပြင် အကျင့်သိက္ခာ၊ သီလသမာဓိကောင်းမွန်ကြရန်နှင့် အဂတိတရားလေးပါး၊ တံစိုးသုံးပါးကင်းရှင်းပြီး မှန်တာကို ဆုံးဖြတ်ရဲကြရန်လည်းလိုပါကြောင်း၊ ထိုကဲ့သို့ အဘက်ဘက်က အရည်အချင်းများနှင့် ပြည့်စုံသည့် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာ ယန္တရားကြီးကို မောင်းနှင်ပေးခြင်းအားဖြင့် တရားရုံးနှင့် တရားသူကြီးများအပေါ် အများပြည်သူများ၏ ယုံကြည်ကိုးစားမှုများ ပိုမို၍တိုးပွားလာမည်ဖြစ်ပါကြောင်း။

ယခုမိမိတင်ပြခဲ့သည့် တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

## တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက် ၁၁ ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "တရားစီရင်ရေးကဏ္ဍတွင် ဖော်ပြထားသည့် တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများအနေနှင့် တရားစီရင်ဆုံးဖြတ်ရာတွင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး၊ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်နိုင်သည့် အကျင့်သိက္ခာ၊ သီလသမာဓိနှင့် ပြည့်စုံပြီး အရည်အချင်းရှိသော တရားသူကြီးများပေါ်ထွန်းလာရေးအတွက် ဥပဒေပြဋ္ဌာန်းရုံမျှနှင့်မပြီးဘဲ အကျင့်ပျက်တရားသူကြီးများကို ဖော်ထုတ်အရေးယူပေးပါရန်နှင့် ဥပဒေနှင့်အညီ အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု အကြံပြုဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်အစုအဖွဲ့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက် ၁၁ ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါသည်"ဟု ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

## အသိပညာရှင်၊ အတတ်ပညာရှင်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က "အမျိုးသားညီလာခံက နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းပြီး အခြေခံမူခြောက်ရပ်ချမှတ်ပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူများအနက်မှာ 'နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး'ဆိုသည့်မူတစ်ရပ်လည်းထည့်သွင်းချမှတ်ထားပါကြောင်း၊ ယင်းအခြေခံမူသည် နိုင်ငံသားအားလုံးအတွက် အထူးလိုအပ်သည့်အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံသားများ ယင်းအခွင့်အရေး ထိခိုက်နစ်နာမှုမရှိစေရန် တရားရုံးအဆင့်ဆင့်နှင့် တရားသူကြီးများက အဓိကတာဝန်ယူ ကာကွယ်စောင့်ရှောက်ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြရာတွင် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ယင်းအခြေခံမူများကတော့ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးတို့ဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်ကြရသည့် တရားသူကြီးများသည် ယင်းအခြေခံမူများအရ တရားစီရင်ဆုံးဖြတ်ကြရာတွင် လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာ ဆူကြံနိမ့်မြင့်မရွေး တန်းတူညီမျှ အခွင့်အရေးရရှိအောင် တရားမျှတစွာ ဆုံးဖြတ်ကြရမှာဖြစ်ပါကြောင်း၊ တရားစီရင်ရေးယန္တရားကို ကျွမ်းကျင်စွာ မောင်းနှင် လည်ပတ်ရာမှာ တရားသူကြီးများသည် ဥပဒေအရာမှာ အရည်အချင်းပြည့်ဝရန်၊ ဖြောင့်မတ်တည်ကြည်ရန်၊ အဂတိတရားလေးပါး၊ တံစိုး သုံးပါးကင်းရှင်းရန် လိုပါကြောင်း၊ သို့မှသာ ပြည်သူများအနေနှင့် တရားစီရင်ရေးအပေါ် ပိုမိုယုံကြည်ကိုးစားအားထားကြမှာဖြစ်ပါကြောင်း၊ အထက်ပါ တင်ပြခဲ့သည့် တရားစီရင်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းပြီး ဥပဒေပြုရန် လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "တရားစီရင်ရေးကဏ္ဍဆိုင်ရာ အကြောင်းအရာများဖြစ်သည့် အချက်၁၁နှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာ ဖော်ပြသင့်ပါကြောင်းအကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

## အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "အဆင့်ဆင့်သော တရားရုံးများ၌ တာဝန်ထမ်းဆောင်ကြရသည့် တရားသူကြီးများအနေနှင့် တရားစီရင်ဆုံးဖြတ်ကြရာတွင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး၊ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသူများအတွက် တရားဥပဒေတစ်မျိုးတစ်စားတည်းသာထားရှိပြီး တရားစီရင်ဆုံးဖြတ်ကြရမှာဖြစ်ပါကြောင်း။

ထို့အပြင် တရားစီရင်ရေးကဏ္ဍတွင် ရှေ့နေ ရှေ့ရပ်ဆိုင်ရာကိစ္စရပ်များ၊ ပြစ်မှုဆိုင်ရာမှုခင်းများနှင့် ပြစ်မှုဆိုင်ရာမှုခင်းများကို ကြားနာစစ်ဆေးသည့်အခါတွင် လိုက်နာကြရမည့် ပြစ်မှုဆိုင်ရာကျင့်ထုံးများ၊ တရားမကြောင်းဆိုင်ရာမှုခင်းများ၊ တရားမကြောင်းဆိုင်ရာမှုခင်းများ ကြားနာစစ်ဆေးသည့်အခါတွင် လိုက်နာကြရမည့် တရားမမှုဆိုင်ရာကျင့်ထုံးများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမ ဆိုင်ရာအမှုများကို ကြားနာစစ်ဆေးသည့်အခါတွင် လိုက်နာကြရမည့် သက်သေခံဥပဒေစသည်တို့ အကျုံးဝင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ယင်းအချက်များသည် တစ်တိုင်းပြည်လုံးအတိုင်းအတာနှင့် တစ်ပြေးညီ ဖြစ်ရမည့်ကိစ္စရပ်များဖြစ်ပါကြောင်း။

တရားစီရင်ရေးကဏ္ဍတွင် နိုင်ငံခြားစီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စ၊ ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်ဆိုင်ရာကိစ္စ၊ ပင်လယ်ဓားပြမှုများဆိုင်ရာ ကိစ္စ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုဆိုင်ရာကိစ္စ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင်သို့မဟုတ်၊ နိုင်ငံတကာပင်လယ်ပြင်သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုဆိုင်ရာကိစ္စများလည်း အကျုံးဝင်ပါကြောင်း။

တရားစီရင်ရေးနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့် မူ ၁၁ချက်သည် သင့်လျော်သည့်အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့် မူများအဖြစ်ဖော်ပြရန် သင့်လျော်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "သို့ရာတွင် အောက်ပါအချက်များကို ဖြစ်နိုင်ပါက စကားရပ် အစားထိုးပြောင်းလဲပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

'ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင်သို့မဟုတ်၊ နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ' စကားရပ်အစား **'အပြည်ပြည်ဆိုင်ရာ ရေပြင်နှင့် မြန်မာ့ ရေ၊ မြေ၊ လေပိုင်နက်အတွင်းဖြစ်ပွားသော ကျူးလွန်သော ပြစ်မှုများ'** ဖြစ်ပါကြောင်း။

## ဆက်လက်ကျင့်သုံး

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြပါကြောင်း၊ တိုင်းရင်းသားအသီးသီးတွင် ဘိုးစဉ်ဘောင်ဆက်ကပင် ဥပဒေကဲ့သို့ အာဏာတည်သောဓလေ့ထုံးတမ်းများကို ကျင့်သုံးပြီး လူမှုရေး၊ စီးပွားရေးပြဿနာကြီးငယ်တို့ကို ဖြေရှင်းလျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် **တိုင်းရင်းသားများဒေသတွင် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေများနှင့်မဆန့်ကျင်သရွေ့ မိမိတို့၏ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ခွင့်ကို လက်ရှိအတိုင်း ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ပြုပါရန်** တင်ပြအပ်ပါသည်"ဟု အကြံပြုတင်ပြသွားပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းသည့် ဥပဒေပြုစာရင်းလျာထားချက် ကဏ္ဍ၁၁ခုထဲမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အချို့တို့၏အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂၀၀၄ခုနှစ် မေလ၂၁ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "ချမှတ်ထားသည့် အခြေခံရမည့်မူများနှင့်အညီ အမျိုးသားညီလာခံက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခုတို့ကို သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေအတွက် ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီး 'နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့်ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်' လို့ အခြေခံမူချမှတ်ထားပါကြောင်း၊ ထိုအခြေခံရမည့်မူပေါ် မူတည်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကို ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရမည့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ အသီးသီးဖွဲ့စည်းထားရှိပြီး ယင်းဦးစီးအဖွဲ့များသည်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကိုလည်း ကျင့်သုံးသည်"ဟု အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ထားပါကြောင်း။

ဖော်ပြပါ ချမှတ်ထားသည့် အသေးစိတ်အခြေခံရမည့်မူများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ဘယ်လိုဥပဒေပြုရေးအာဏာများခွဲဝေအပ်နှင်းမည်ဆိုသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန် ရှိလာပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုရေးအာဏာများကို လေ့လာသည့်အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ ဥပဒေပြုအဖွဲ့အစည်းများဖြစ်သည့် ဦးစီးအဖွဲ့များအတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်သည့် ဥပဒေပြုရေးအာဏာများဖြစ်ရန် အရေးကြီးပါကြောင်း။

ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရေးနှင့် စပ်လျဉ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ တိုင်း သို့မဟုတ် ဒေသအတွက် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းကြောင်း၊ (က) မြို့ပြနှင့် ကျေးရွာစီမံကိန်းများ(Town and Village Plan)၊ (ခ) လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး၊ (ဂ) ပြည်သူ့ကျန်းမာရေး၊ (ဃ) စည်ပင်သာယာရေးလုပ်ငန်း၊ (င) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ (စ) စားကျက်မြေများထိန်းသိမ်းရေး၊ (ဆ)သစ်တောများကာကွယ်ထိန်းသိမ်းရေး၊ (ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊(ဈ) မြို့နှင့်ကျေးရွာအတွင်း ရေနှင့်လျှပ်စစ်မီးဆိုင်ရာကိစ္စ၊(ည) မြို့များနှင့် ကျေးရွာများ၏ ဈေးများဆိုင်ရာကိစ္စဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

အထက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြဋ္ဌာန်းပိုင်ခွင့်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များသို့အပ်နှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့် မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြရန်ဖြစ်ပါကြောင်း" ရှင်းလင်းပြောကြားသွားပါကြောင်း။

***စာမျက်နှာ ၁၃ ကော်လံ ၁ သို့***

စာမျက်နှာ ၁၂ မှ

## ဆွေးနွေးပွဲကျင်းပ

**ဖေဖော်ဝါရီ ၂၃ရက်က အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ ပြန်လည်ဆွေးနွေး တင်ပြနိုင်ရန် မိမိတို့၏ သဘောထားတင်ပြချက် စာတမ်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပစဉ်။**

(သတင်း-၁၁)(သတင်းစဉ်)

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက "ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများထဲတွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သည့် ဥပဒေပြု ရေးအာဏာကို ခွဲဝေအပ်နှင်းမည်ဆိုသည့် အပိုဒ်နှင့်အညီ မိမိတို့အဖွဲ့က တရားစီရင်ရေး၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုအာဏာ အပိုင်းကို လေ့လာသည့်အခါ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဆွေးနွေးချက်သည် ပြီးပြည့်စုံပြီး သင့်လျော်ကြောင်း သဘောထားရရှိပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဥပဒေပြုခွင့်အာဏာများကို လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းသည့်အချက် ၁၀ချက်အတိုင်း ခွဲဝေအပ်နှင်းသင့်ပြီး အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်ပေးသင့်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သည့် မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ပဒေပြုခွင့်အာဏာအပါအဝင် ကျန်ရှင်းလင်းတင်ပြသည့် ကိစ္စရပ်များသည် ပြီးပြည့်စုံမှုရှိသည့်အတွက် မိမိတို့အဖွဲ့အနေဖြင့် ဆွေးနွေးရန်မရှိပါကြောင်း"ဆွေးနွေးတင်ပြသွားပါကြောင်း။

### စီမံဆောင်ရွက်

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအသီးသီး ဖွဲ့စည်းထားရှိပြီး ယင်းဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေအပ်နှင်းသည့် ဥပဒေပြုရေးအာဏာကိုလည်း ကျင့်သုံးသည်လို့ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ သတ်မှတ်ချက်များရှိသည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြဋ္ဌာန်းပိုင်ခွင့်များရှိရန်အတွက် အာဏာများခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုရေးအာဏာများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရန်ပေးသင့်ပါကြောင်း၊ သို့မှလည်း မိမိတို့နယ်မြေဒေသအတွင်းရှိ မိမိတို့၏ ပြည်သူပြည်သားများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးငယ်များကို စီမံဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား ခွဲဝေအပ်နှင်းပေးသည့် ဥပဒေပြုခွင့်အာဏာများ (က)မှ (ည)အထိကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည်မှာသင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာနှင့် စပ်လျဉ်း၍တင်ပြရလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များသည် မိမိတို့တိုင်း သို့မဟုတ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူ အကောင်အထည်ဖော်ရမည့် အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ မိမိတို့တိုင်း သို့မဟုတ် ဒေသအတွင်းနေထိုင်ကြသည့် ပြည်သူများ၏ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေး၊ ပညာရည်မြင့်မားရေး၊ စားဝတ်နေမှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့တိုင်း သို့မဟုတ် ဒေသအခြေအနေများအပေါ် မူတည်ပြီး စီမံဆောင်ရွက်ပေးကြရမှာဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်အောင်လည်း သင့်တော်သည့်ဥပဒေပြုအာဏာကို ခွဲဝေအပ်နှင်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊

ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရေးနှင့် စပ်လျဉ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ်၊ ဒေသအတွက် ကိစ္စရပ် ၁၀ရပ်နှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်လို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင်ပါရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ်၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုစသည့် အကြောင်းအရာများအပေါ် ဆွေးနွေးတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

### 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၌ တိုင်းရင်းသားလူမျိုးတစ်မျိုးတည်း နေထိုင်ခြင်းမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများ အတူတကွစုပေါင်းနေထိုင်ကြသည့် နေရာဒေသများဖြစ်ပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ထိုက်သင့်သည့် ဥပဒေပြုခွင့် အာဏာများ ခွဲဝေအပ်နှင်းသည့် အားလျော်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ဒေသအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ဥပဒေပြုခွင့် အာဏာများ (က)မှ(ည)အထိ ဖော်ပြထားသည့်ကိစ္စရပ်များသည် သင့်လျော်ပါသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ညီလာခံကိုယ်စားလှယ်အဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ ဥပဒေပြုခွင့်အာဏာခွဲဝေရေး နှင့် စပ်လျဉ်းပြီး တင်ပြဆွေးနွေးလိုပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် ၁၀ချက်သည် လျော်ကန်သင့်မြတ်မှုရှိပါသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များသို့ ဥပဒေပြဋ္ဌာန်းပိုင်ခွင့် အပ်နှင်းနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာများနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်စာတမ်းပါ ကိစ္စရပ်များသည် ပြည့်စုံသည့်အတွက် အကြံပြုရန်မရှိပါ"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဦးထွန်းကျော်က "ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုတို့ကို လျာထားသတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးစာရင်းတွင် ထည့်သွင်းသင့်သည့် ကိစ္စရပ် ၁၀ရပ်ဖြစ်ပါကြောင်း"ဖြင့် ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ကိစ္စရပ် ၁၀ရပ်နှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "ဆက်လက်ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းရေးနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးသွားပါကြောင်း၊ အမျိုးသားညီလာခံက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအသီးသီးဖွဲ့စည်းထားရှိပါကြောင်း၊ ချမှတ်ပြီးအခြေခံမူများအရ အနာဂတ်နိုင်ငံတော် အခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုပေါ်ပေါက်လာမှာဖြစ်ပါကြောင်း၊ ယင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဦးစီးအဖွဲ့ဝင်များသည် မိမိတို့တိုင်း သို့မဟုတ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကတာဝန်ယူ အကောင်အထည်ဖော်ရမည့် အဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ကိစ္စရပ် ၁၀ ရပ်နှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေးနှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဥပဒေပြုခွင့် အာဏာခွဲဝေအပ်နှင်းရေးနှင့်စပ်လျဉ်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ကိစ္စရပ် ၁၀ရပ်နှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြရန် အသေးစိတ်အခြေခံရမည့် မူများချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ တိုင်း သို့မဟုတ် ဒေသအတွက် ကိစ္စရပ် ၁၀ ရပ်နှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

### နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံအစည်းအဝေးများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုတို့ကိုသတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် ဥပဒေပြုရေးအာဏာများကို မည်ကဲ့သို့ခွဲဝေအပ်နှင်းမည်ဆိုသည်ကိုလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန် ရှိလာပါကြောင်း၊ အပ်နှင်းရာမှာလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ ဥပဒေပြုအဖွဲ့အစည်းများဖြစ်သည့် ဦးစီးအဖွဲ့များအတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်သည့် ဥပဒေပြုရေးအာဏာများဖြစ်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့တိုင်း သို့မဟုတ် ဒေသအတွက် ကိစ္စရပ်၁၀ရပ်နှင့်စပ်လျဉ်းပြီး ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးတင်ပြချက်အပိုဒ်ခွဲ (ဈ)ကိုလေ့လာကြည့်ပါက မူလရှင်းလင်းချက်တွင် 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး'ဟု ဖော်ပြထားသည့်စကားရပ်အစား **'ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး'**ဟု ပြင်ဆင်ရန် အကြံပြုထားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့က "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ ဥပဒေပြုခွင့်အာဏာများနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းပြောကြားသော အချက်၁၀ချက်အားလေ့လာကြည့်ရာတွင် သင့်လျော်ကြောင်းတွေ့ရှိရသည့်အတွက် ထောက်ခံကြောင်း တင်ပြပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေနှင့် "သို့ပေမယ့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသော အချက် ၁၀ ချက်အပြင် အောက်ပါအချက်နှစ်ချက်အား နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၌ လုပ်ပိုင်ခွင့်ရရှိရေးအတွက် ထည့်သွင်းစဉ်းစားပေးပါရန် တင်ပြအပ်ပါကြောင်း။

နံပါတ်(၁) **စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး** နှင့်

နံပါတ်(၂) **ဒေသထူးခြားချက်အရ လိုအပ်သောအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာများ၊ နယ်စပ်ကုန်သွယ်ရေး၊ နယ်စပ်ဖြတ်သန်းခွင့်**

တို့ ဖြစ်ပါကြောင်း။

ထို့အပြင် အောက်ပါအချက်များအား စကားရပ်အစားထိုးပြောင်းလဲပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အမှတ်စဉ်(ခ) 'လမ်းများဖောက်လုပ်ပြုပြင်ထိန်းသိမ်းရေး'အစား **'လမ်းများဖောက်လုပ်ရေး၊ တံတားတည်ဆောက်ရေးနှင့်လမ်းတံတားများပြုပြင်ထိန်းသိမ်းရေး'** စကားရပ်ဖြင့် လည်းကောင်း၊ အမှတ်စဉ်(ဆ)'သစ်တောများ ကာကွယ်ထိန်းသိမ်းရေး'အစား **'သဘာဝသစ်တောများ၊ ပုဂ္ဂလိကပိုင်ကျွန်းအပါအဝင်ဖြစ်သည့် သစ်တောစိုက်ခင်းများ ကာကွယ်ထိန်းသိမ်းရေး'** စကားဖြင့် လည်းကောင်း အစားထိုးပေးပါရန် အကြံပြုတင်ပြအပ်ပါသည်"ဟု အကြံပြု တင်ပြသွားပါကြောင်းဖြင့် ကောက်နုတ်ဆွေးနွေးတင်ပြသွားသည်။

ဖေဖော်ဝါရီ ၂၅ ရက်ထုတ်သတင်းစာများ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ ကိုယ်စားအလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်အဖွဲ့မှ ဦးမြအေး၏ **'ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး'**နှင့် **'ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုမှုအာဏာ'** နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## တရားဟောကြားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ မလွန်ဆန်လှူအသင်းထောက်၏ မလွန်ဆန်လှူရေစက်ချ တရားပွဲအဖြစ် အောင်ဆန်းမြို့ သစ္စဝါဒီကျောင်း မဟာဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၄ရက်၌ အရှင်အာစာရ လင်္ကာရနှင့် ၂၅ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) အရှင်သူမြတ်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

**မီးသုံးစွဲလျှင်**
**အသိယှဉ်**
**အစဉ်သတိ**
**အမြဲရှိ**

**Y.E.S. English Language Centre**

ကလေးများအတွက်

Basic Spoken English : FEB-19, 21, 26, 28
Pre - Intermediate English : FEB - 7, 21
Grammar Foundation Course : FEB - 26
Intermediate English : FEB - 26
Basic Writing Course : FEB- 21, 26
4 Skills, IELTS, TOEFL, AWC, VEC, SAT(I)

-Level(1)
-Level(2)
-Level(3)
(14-3-05)

No. 190, 2nd Flr., 28th St. ( Upper Block ), Pabedan Tsp ☎ 243950

**ဦးကံညွန့်မောင်**

အင်္ဂလိပ်သဒ္ဒါနှင့်စကားပြောသင်တန်း

(ပထမထပ်)၊ ၃၈ လမ်း (အလယ်)၊ ရန်ကုန်မြို့။

## လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမင်းဟန် (MD, Golden Hawks Int'l Ltd.)နှင့်
ဒေါ်အေးအေးတို့၏ တစ်ဦးတည်းသောသား

**မောင်လှမင်း (B.Com)**

**Director, Golden Hawks Int'l Ltd.**
**Chief Financial Officer, AT & S Co., Ltd.**
**MD, Nay Min Gyi Construction Co., Ltd.**

နှင့်

ရန်ကုန်မြို့နေ စခမ်းသာဦးအေးဆွေ(စိန်ရွှေရတနာကုန်သည်)နှင့်ဒေါ်ခင်ချစ်ဝင်းတို့၏
တစ်ဦးတည်းသောသမီး

**မယမင်းဝင်းသန့် (B.Com)**

**Diploma in Business Law (Ygn)**

တို့၏ ၁၉–၂–၂၀၀၅ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပသည့် ထိမ်းမြားမင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးချီးမြှင့်ပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းချီးမြှင့်၍ စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ဇနီး ဒေါ်နီနီ၊ လက်ဝတ်ရတနာများဆင်မြန်းပေးသော အဂ္ဂမဟာသီရိသုဓမ္မသီဂိ အမေဆယ်၊ မင်္ဂလာဘိသိက်ချီးမြှင့်ဆောင်ရွက်ပေးသော အကြီးတန်းအင်ဂျင်နီယာ ဦးအောင်မြင့်(မန္တလေး)၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော တက္ကသိုလ်လဲ့လဲ့၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော တေးသံရှင်များ၊ စန္ဒရားကွန်းဇော်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒီဇိုင်နာ ဦးတွတ်(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့် မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီး၊ မင်္ဂလာပန်းကြဲပေးသော မမေတင်မောင်ဆန်းဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မပွင့်ဖြူဖွေး၊ သတို့သားအရန် မောင်ညီလင်းဖြူနှင့် မောင်ထူးလှိုင်မြင့်၊ သတို့သမီးအရန် မခိုင်ရည်မွန်မြင့်နှင့် မဇွန်လွင်မျိုး၊ မင်္ဂလာပန်းခြင်းကို ကိုင်ဆောင်ပေးသော မောင်လပြည့်သစ်နှင့် မအေးမြသက်ထားနိုင်၊ ပြည်တွင်းပြည်ပ၊ အနယ်နယ်အရပ်ရပ်မှ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီကြသော မိတ်ဆွေသူငယ်ချင်းများ၊ Golden Hawks နှင့် AT&S မှ ဒါရိုက်တာများနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ မင်္ဂလာညှော်ပရိသတ်များနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ Royal Garden ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော မိဘဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်လှမင်း–မယမင်းဝင်းသန့်။**

# မြန်မာဆန်သော ပုဂံပြည်မှ ပန်းနုံ့သာဇာတ်ကားရုံတင်မည် ရွှေဆောင်နှင့်နေပြည်တော်၌ ငိုအားထက်ရယ်အားသန်နေ

## ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

**ယခုသောကြာပတ်တွင် ပုဂံပြည်မှ ပန်းနုံ့သာ ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့်မင်္ဂလာ အဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။**

ပုဂံအလှ၊ ပုဂံသဘာဝကိုနောက်ခံထားပြီးဇာတ်အိမ်ဖွဲ့ထားသော မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးထားသည့် မြန်မာဇာတ်ကား ဖြစ်သည်။

ဦးကောင်းမွန်သည် ပုဂံမြို့တွင် နေထိုင်ပြီး ယွန်းထည်လုပ်ငန်းဖြင့် အသက် မွေးသူတစ်ဦးဖြစ်သည်။ သူသည် ရှေးရိုးဆန်သည်။ ခေတ်ဆန်သော အနောက်တိုင်း ယဉ်ကျေးမှုကို မနှစ်သက်။ အ နောက် တိုင်း မဆန်၊ မြန်မာဆန်ဆန် မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားသူ ဖြစ်သည်။ ဇနီးဒေါ်သင်းသင်းနှင့် သားဖြစ်သူ

နောင်သင်္ခါတို့ကိုလည်း သူ့လိုပင် ရှေးရိုးဆန်ဆန် နေထိုင်စေသည်။

စောနံ့သာဆိုသောမိန်းကလေးက အနောက်တိုင်းဆန်သည်။ နိုင်ငံတကာ သွားလာဆက်ဆံဖူးသူပီပီ အမြင်ဆန်း အပြင်အဆင်ဆန်းနှင့်ပြောဆိုဆက်ဆံပုံ ခေတ်မီပွင့်လင်း သွက်လက်သည်။ ပုဂံမြို့သို့ ဟိုတယ်လုပ်ငန်း လုပ်ရန်

**'ပုဂံပြည်မှ ပန်းနုံ့သာ' ဇာတ်ကားမှ နိုင်းနိုင်းနှင့် နန္ဒာလှိုင်တို့၏ ပုဂံဟန်ပန်။**

လာရောက် လေ့လာသော ရန်ကုန်သူဖြစ်သည်။ ရန်ကုန်သူနှင့် ပုဂံသားတွေ့ကြရာဝယ် ညားကြလေသတည်းဟူသော သမားရိုးကျဇာတ်လမ်းမျိုး မဟုတ်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို မြန်မာတို့ကိုယ်တိုင် ထိန်းသိမ်းနိုင်ပါမှ မြန်မာသည် ကမ္ဘာတည်သရွေ့ အစွန့်ရှည်ကြာ တည်တံ့နေမည်ကို ဖော်ကျူးသတိပေးထားသည်။

မြန်မာ့စိတ်ရင်းမြန်မာ့ယဉ်ကျေးမှု အမွေသည် ပုဂံမြေဖြစ်သည်။ ပုဂံမြေသည် ဘာသာတရား ထွန်းကားရာမြေ၊ ပုဂံမြေသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းသိုမှီးထားရာမြေဖြစ်သည်။ ပုဂံနှင့် မြန်မာသည် ခွဲခြားမရ။ မြန်မာတို့မြန်မာပီပီ ထာဝရ လှပနေမှ ပုဂံသည်ထာဝရ လှပနေမည်။ မြန်မာ့ရိုးရာကို ချစ်သည့် မြန်မာ့စိတ်ရင်းသည် ပုပ္ပားတောင်ကဲ့သို့ ခိုင်မာနေသရွေ့ ပုဂံသည် ကမ္ဘာတည်သရွေ့ လှပနေပေမည်။ ယခုတိုင် ပုဂံသည် လှနေဆဲ၊ ခံ့နေဆဲ ဖြစ်သည်။

မြန်မာတို့သည်လည်း မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီလိုက်ဖက်သော မြန်မာလုံချည်လေးနှင့်ယခုတိုင်လှနေမြဲ၊ ခိုင်မြဲနေဆဲဖြစ်သည်။ ပုဂံမြေထာဝရ လှပရန် မြန်မာတို့တွင်တာဝန်ရှိသည်ကို ပုဂံပြည်မှ ပန်းနုံ့သာက မီးမောင်းထိုးပြထားသည်။ ပုဂံမြေတွင် ထာဝရ မွေးပျံ့နေဦးမည့် **ပုဂံပြည်မှ ပန်းနုံ့သာ** ကို မြန်မာလူငယ်လူရွယ်တိုင်း ကြည့်သင့်ပြီး အကြိုက်တွေ့ကြမည့် ဇာတ်ကားဖြစ်သည်။

**မကြာမီရုံတင်မည့် 'ကြိုးနှစ်စ' ဇာတ်ကားမှ ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့၏ အရယ်အပြုံး။**

**'ပေါက်ပေါက်မြောက်မြောက်' ဇာတ် ကား မှ ရာဇာနေဝင်းနှင့် ဆုပန်ထွာ တို့၏ ရယ်စရာ အသွင်။**

### ငိုအားထက်ရယ်အားသန်

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **ငိုအားထက် ရယ်အားသန်** ဇာတ်ကား ရွှေဆောင်နှင့်နေပြည်တော်ရုံတွင် ဆက်လက်ပြသနေသည်။

### ပေါက်ပေါက်မြောက်မြောက်

ရွှေဂုန်ရုံ မြေညီထပ်တွင် ဒါရိုက်တာခင်မောင်ဦး၊စိုးသိမ်းထွဋ်၏ **ပေါက်ပေါက်မြောက်မြောက်** ဇာတ်ကားပြသပြီး၊ အပေါ်ထပ်တွင် အိန္ဒိယ မင်းသားချော စုနီးရှက်သီးနှင့် မင်းသမီးချော ရမ်းတားတို့ ပါဝင်ထားသော Krodh ဇာတ်ကား ပြသနေသည်။ မြို့မရုံတွင်လည်း မင်းသား စုနီးရှက်သီးနှင့် အရှေကူးမာရ်းတို့ ခေါင်းဆောင်ပါဝင်ထားသော Awara Paagal Deewana ဇာတ်ကား ပြသလျက်ရှိသည်။

### ကြိုးနှစ်စရုံတင်မည်

ဇာတ်လမ်း၊ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦး၊စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **ကြိုးနှစ်စ** ဇာတ်ကား မကြာမီရုံတင်မည်ဖြစ်သည်။ **ကြိုးနှစ်စ** တွင် ဒွေး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ ။

**(မြန်မာ့အလင်း)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန
# ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာ ဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ

## အင်္ဂလိပ်စာဘာသာ သိကောင်းစရာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာမယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ English Textကို သေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit ၁၅ ခု ပါရှိပြီး Unitတိုင်းမှာ Comprehension Tasks. Vocabulary ၊Grammar နဲ့ Writing အပိုင်းတွေ ပါပါတယ်။ ဒါ့အပြင် Poems ခုနစ်ပုဒ်နှင့် Speaking Section မှာ function ငါးမျိုးနဲ့ ဘယ်လိုသုံးနှုန်းပြောဆိုပုံတွေကို ဥပမာ dialoguesတွေနဲ့ ဖော်ပြထားတာ တွေ့ကြမှာပါ။

**ကျောင်းသား ကျောင်းသူများအနေနဲ့ ဒီ Textမှာပါတဲ့ Unit အားလုံးရဲ့ exercisesတွေ အားလုံးကို ကျေကျေညက်ညက် မခြွင်းမချန် သိရှိလေ့ကျင့်ထားကြဖို့ လိုပါတယ်။**

**တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။ ယခင်နှစ် မေးခွန်းပုံစံတွေလိုပဲ မေးခွန်းကိုးပုဒ် မေးမှာဖြစ်တယ်။**

**မေးခွန်းနံပါတ်(၁)**ကတော့ English Text မှာပါတဲ့ Unit ၁၅ ခုထဲက passageစာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်ပါအကြောင်းအရာတွေကို မေးခွန်းအမျိုးအစား နှစ်မျိုးနဲ့ မေးမြန်းမှာဖြစ်တယ်။

**မေးခွန်းနံပါတ်(၁) ပထမမေးခွန်း**က Write the correct word or words to complete each sentence ဖြစ်တယ်။ ဒါဟာပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံသွားအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item ငါးခုမေးထားပြီး one word စာလုံးတစ်လုံး၊ ဒါမှမဟုတ် a group of wordsစကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာ ဖြစ်တယ်။

သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံး၊ စကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ ရချင်မှရမယ်။ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလိုပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ– စာပိုဒ်ထဲ noun formသို့မဟုတ် adjective formနဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb formနဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun formဖြည့်ချင်ဖြည့်ရမယ်။

**နံပါတ်(၁)မေးခွန်းရဲ့ ဒုတိယမေးခွန်း**ကတော့ Answer each question in one sentenceဖြစ်တယ်။ Wh questionsနဲ့ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်းငါးခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာ ဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် formsနဲ့ usage တွေကို လေ့လာထားရုံသာမက မေးခွန်းကလိုအပ်တဲ့ အဖြေကို တိတိကျကျ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ အကြံပေး ပြောကြားလိုပါတယ်။

မေးခွန်းအားလုံးဟာ ပြဋ္ဌာန်းစာအုပ်ထဲက ထုတ်နုတ်ထားတဲ့ စာပိုဒ်တွေထဲကပဲ မေးထားတာဖြစ်လို့ ကျောင်းသားကျောင်းသူအားလုံး ဖြေဆိုနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များ၊ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလဲ မပြုကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကိုပဲ တိုက်ရိုက် ထိထိမိမိ ပြန်ဖြေတတ်အောင် လေ့ကျင့်ထားကြပါ။

**မေးခွန်းနံပါတ်(၂)** Cloze Procedure မှာလဲ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit ၁၅ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ခုနစ်လုံး၊ ရှစ်လုံး သို့မဟုတ် ကိုးလုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း၂၀ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ရန် စကားလုံး၂၀ကိုလဲ စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့် အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူများရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံ၍ စစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလဲ သတိပြုကြပါ။ ဥပမာအားဖြင့် capital letterနဲ့ ရေးထားတာကို စာလုံးသေးနဲ့ ပြန်ရေးမိတာမျိုး မဖြစ်ပါစေနဲ့။ အနည်းကိန်း အများကိန်း မှားမသွားပါစေနဲ့။ plural number ဖြစ်ရမှာကို 's'ကျန်ခဲ့တာမျိုး မဖြစ်ဖို့ပေါ့။ ဒါကြောင့် စာလုံးကြီးနဲ့၊ စာလုံးသေးကွဲပြားအောင် ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လဲ လိုပါတယ်။

Cloze Procedureဆိုတာက ကျောင်းသားကျောင်းသူတို့ရဲ့ စာဖတ်ပြီး နားလည်နိုင်မှု စွမ်းရည်နဲ့ ဘာသာစကားရဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှု အပိုင်းနှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်လို့ passagesတွေကို အလွတ်ကျက်ဖို့ထက် passagesတွေကိုနားလည်ပြီး သဒ္ဒါမှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ ဝါကျတွေဖြစ်အောင် မေးထားတဲ့ကွက်လပ်တွေမှာ ပေးထားတဲ့ စကားလုံးတွေကို ဖြည့်နိုင်အောင် ကြိုးစားရမယ်။

**မေးခွန်းနံပါတ်(၃)**ကတော့ ကျောင်းသားကျောင်းသူတို့ရဲ့ မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးသည့် မေးခွန်းပုံစံဖြစ်တယ်။ Item၁၀ခု မေးထားပြီးတော့ ကွက်လပ်၁၀ခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ကွက်လပ်ငါးခုက Textမှာပါတဲ့ Unit ၁၅ ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်ငါးခုကတော့ ကဗျာခုနစ်ခုထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူများရဲ့ သင်ယူထားတဲ့ အချက်အလက်တွေကို နားလည်မှတ်သားနိုင်မှု စွမ်းရည်ရှိမရှိကို စစ်ဆေးခြင်းဖြစ်တယ်။ ကဗျာအပိုင်းမှာ မည်သည့်အမှားမျိုးကိုမှ လက်မခံပါ။ တိတိကျကျ ပြန်လည်ဖော်ပြမှုကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်း မှားယွင်းမှုမဖြစ်ရအောင် သတိထားကြပါ။ ကဗျာခုနစ်ခုထဲက ကောက်နုတ်ချက်တွေကို ဖြေဆိုရာမှာ တစ်ခုသတိပြုရမှာက ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စာလုံးတစ်လုံးထဲ ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလဲ ရှိတာကို သတိပြုပါ။

**မေးခွန်းနံပါတ် (၄)**မှာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိမရှိ စစ်ဆေးနိုင်ရန် မေးခွန်းငါးခု မေးထားပါတယ်။

**မေးခွန်းနံပါတ်(၄)ရဲ့ Item (၁)နဲ့ Item (၂)**ကတော့ Textမှာပါတဲ့ Unit ၁၅ခုထဲက ကောက်နုတ်မေးမှာပဲဖြစ်တယ်။ ကျောင်းသားကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းမွန်မွန် ဖြေဆိုနိုင်ဖို့ Unit၁၅ခုလုံးပါ အကြောင်းအရာတွေကို အသေးစိတ် ဖတ်မှတ်ထားဖို့ လိုပါတယ်။

**ဒီမေးခွန်းနံပါတ်(၄)ရဲ့ Item (၃)နဲ့ Item (၄)**မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေကတော့ Who said these words and to whom were they said? Which story are the words from? သို့မဟုတ် Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? ဆိုတဲ့ မေးခွန်းမျိုးနဲ့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ What does the following sentence mean? ဆိုတဲ့ မေးခွန်းရဲ့အောက်မှာ Unit ၁၅ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်တယ်။ အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။

**ဒီမေးခွန်းနံပါတ်(၄)ရဲ့ item (၅)**ကတော့ ကဗျာတစ်ပုဒ်ထဲက စာကြောင်းအချို့ကို ဖော်ပြထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့ကတော့ Text ထဲက စာပိုဒ်တွေနဲ့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ အထပ်ထပ်အခါခါ ဖတ်မှတ်ထားဖို့ပဲ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၅)**က မေးခွန်းနံပါတ်(၁)လိုပဲ Unit ၁၅ ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅) ခုကို ဖြေပေးရမှာ ဖြစ်တယ်။ စာကို ကျွမ်းကျင်စွာ ဖတ်တတ်ရင်၊ ရေးထားတဲ့အကြောင်းအရာများကို နားလည်မယ်၊ ရေးထားတဲ့အချက်အလက်တွေကို ရှာဖွေရွေးထုတ်တတ်မယ်၊ စာဖတ်ပြီး ဒီလိုနားလည်မလည် ဆိုတာကို ဒီမေးခွန်း နံပါတ်(၅)က စစ်ဆေးတာဖြစ်ပြီး ဒီမေးခွန်းကို ကောင်းစွာ ဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် ဖတ်ရမယ်၊ သဒ္ဒါနည်းအရ မှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လဲ များများလေ့ကျင့်ရပါမယ်။

**မေးခွန်းနံပါတ်(၆)**ကတော့ Punctuation နဲ့ ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ comma, semicolon, colon, full stop, question mark, open and close inverted commas, exclamation mark တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ် စစ်ဆေးမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာ ဖြေဆိုနိုင်စေဖို့ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းများကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာ မပါတဲ့ဝါကျတွေကိုလည်း မေးနိုင်တယ်။ အဓိကကတော့ Punctuation ဆိုတာဘာလဲ၊ ဘယ်လိုသုံးရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ခြင်းမပြုဘဲ အလေ့အကျင့်များများ လုပ်ပေးဖို့လိုပါတယ်။

**မေးခွန်းနံပါတ်(၇)**မှာ အပိုင်း နှစ်ပိုင်းပါဝင်ပါတယ်။

**မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A** က Stylistic Transformation လို့ခေါ်ပါတယ်။ ပေးထားတဲ့ စာကြောင်း ၁၀ ခုကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ အခြားဝါကျ တည်ဆောက်ပုံတစ်မျိုးနဲ့ ပြန်ရေးပေးရမှာ ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းသော်လဲ ရေးသားတည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေပါရှိပြီး ဖြစ်တဲ့အတွက် အဲဒီ သဒ္ဒါလေ့ကျင့်ခန်းတွေ များများလုပ်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။ Stylistic Transformationကို ပိုင်နိုင်ကျွမ်းကျင်ရင် ကြိုတင်ရေးသားထားတဲ့ စာစီစာကုံးတွေကိုတောင်မှ မိမိစကား မိမိကိုယ်ပိုင်ရေးသားဟန်နဲ့ ပြန်ရေးနိုင်မှာ ဖြစ်တယ်။

**ကျောင်းသားကျောင်းသူများအနေနဲ့ ဒီ Text မှာပါတဲ့ Unitအားလုံးရဲ့ exercises တွေ အားလုံးကို ကျေကျေညက်ညက် မခြွင်းမချန် သိရှိလေ့ကျင့်ထားကြဖို့ လိုပါတယ်။**

**တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။ ယခင်နှစ် မေးခွန်းပုံစံတွေလိုပဲ မေးခွန်းကိုးပုဒ် မေးမှာဖြစ်တယ်။**

**မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VIIB** ကတော့ Paragraph Writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကို သုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင် ရေးသားထားတာတွေကို ဘာမှ မစဉ်းစားဘဲ ချရေးတာမျိုး မလုပ်ပါနဲ့။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

**မေးခွန်းနံပါတ်(၈)**ကတော့ Letter Writing ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲဖြစ်တယ်။ ဒီနေရာမှာ– (၁)စာရေးမယ့်သူက ဘယ်သူလဲဆိုတာရှာပါ။ (၂)ဘယ်သူ့ဆီကို ရေးရမလဲဆိုတာ ကြည့်ပါ။ (၃)ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေ ချာချာဖတ်ပါ။ ဒီလိုအချက်အလက်တွေကို သေသေချာချာ လေ့လာပြီးမှ စာကိုစရေးပါ။ အလွတ်ကျက်ထားတာတွေကို ချရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ အလွတ်ကျက်ထားတဲ့ စာတွေမှာ ရေးခိုင်းတဲ့စာနဲ့တူတဲ့ အကြောင်းအရာပါရင်တောင် တစ်ကြောင်း၊ နှစ်ကြောင်းလောက်ပဲ သက်ဆိုင်တာပါမယ်။ ရေးရမယ့် အကြောင်းရင်းကိုမသိဘဲ အလွတ်ကျက်ထားတာ အားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး၊ လိုရင်းအချက် အားလုံးပါမှ အမှတ်ကောင်းကောင်း ရမယ်။

**မေးခွန်းနံပါတ်(၉)**ကတော့ Essay Writingဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်သုံးခုထဲက ကြိုက်ရာ တစ်ခုကို ရေးသားကြရမှာ ဖြစ်တယ်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူများ အနေနဲ့ ဝါကျများကို အင်္ဂလိပ်လို မှန်မှန်ကန်ကန် ရေးနိုင်၊ဖွဲ့စည်းနိုင်ပြီလို့ ယူဆပါတယ်။ အကြောင်းအရာ

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

## ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟဈေးကြီး ဆန်လှူအသင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ

ညောင်တုန်း ဖေဖော်ဝါရီ ၁၈

**ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟဈေးကြီး ဆန်လှူအသင်း၏ (၁၃)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို ညောင်တုန်းမြို့မ စည်ပင်သာယာဈေးကြီးရှေ့တွင် ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ သံဃာတော်များနှင့် သီလရှင်အပါး ၈၀၀ကျော်တို့အား လောင်းလှူကြသည်။**

**လှူဒါန်း**

အခမ်းအနားတွင် သံဃာတော်များအားဆွမ်းဆန်တော်လောင်းလှူရာတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသက ဗလာစာအုပ်ဒါဇင် ၈၀၀၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး ဒေါ်ခင်မာအေးနှင့် မိတ်သင်္ဂဟများက ပဲဆန်၊ ကြက်သွန်နီ၊ ဆပ်ပြာနှင့် သွားတိုက်ဆေးများ၊ ဦးသန်းလွင်နှင့်ဇနီးက ဆီ၈၉ပိဿာနှင့် ဆားပိဿာ၄၂၀၊ ဒေါ်ယဉ်အေး(ကြာညိုင့်ပြာရည်) မိသားစုက ငံပြာရည်၊ ပန်းချီဆရာ မင်းဝေအောင် မိသားစုက ပဲဆန်များ၊ ဦးသိန်းဟံ၊ ဒေါ်ကြည်အေး(ပင်ပျိုရွက်နု)က ပဲဆန်များ၊ ဦးဌေးဝင်း(ဘဏ်)၊ ဒေါ်မြရင် မိသားစုက ပဲဆန်များ၊ ဒေါ်စိန်တီ၊ ဒေါ်ကြည်မြမိသားစုက ဆပ်ပြာမှုန့်ထုပ်များအပါအဝင် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။ ယင်းလှူဒါန်းပွဲတွင် အသင်းဥက္ကဋ္ဌ ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးလွင်၊ အတွင်းရေးမှူး ဦးဉာဏ်ထွန်း၊ ဦးစိန်လှိုင်နှင့်အမှုဆောင်များ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များက စေတနာသဒ္ဓါထက်သန်စွာဖြင့် လောင်းလှူကြရာ လှူဒါန်းမှု အစုစုတန်ဖိုးမှာ ၆၂သိန်းကျော်ဖြစ်ကြောင်း သိရသည်။

**(ယာပုံ) (၀၉၈)**

**သံတွဲမြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၆ရက်က သံတွဲမြို့ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အထက(ကင်းမော်) ဘောလုံးအသင်းအား သံတွဲခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး လှတင့်က ပထမဒိုင်းဆုချီးမြှင့်စဉ်။**
(ခရိုင်ပြန်/ဆက်)

## သုံးခွမြို့နယ် အဖွားကန်ကျေးရွာ ဖွံ့ဖြိုးရေး ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားအုတ်မြစ်ချ

သုံးခွ ဖေဖော်ဝါရီ ၁၈

**ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အဖွားကန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာအုပ်စု အလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ကိုယ့်အားကိုယ်ကိုးသံကူကွန်ကရစ်တံတား အုတ်မြစ်ချပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားတွင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အလှူရှင်များက အုတ်မြစ်စီချပေးကြသည်။

အဆိုပါ ကွန်ကရစ်တံတားမှာ အရှည်ပေ ၁၅၀၊ အကျယ်ပေ ၁၀၀ ဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာမှ အလှူရှင်များ၏စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်မည် ဖြစ်သည်။

ယင်းတံတားကြီး ပြီးစီးပါက အများပြည်သူတို့ သွားလာရန် ပိုမိုလွယ်ကူသွားမည့်အပြင် ထွန်စက်များ သွားလာနိုင်၍ ၎င်းကျေးရွာအုပ်စုများရှိ သီးနှံ စိုက်ပျိုးမြေများပါ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**(၁၃၇)**

**ထန်းတပင်မြို့နယ် တလိုင်းအိုင်ကျေးရွာဖွံ့ဖြိုးဝေဆာ စာကြည့်တိုက်ကို ဇန်နဝါရီ ၂၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**
(မြို့နယ်ပြန်/ဆက်)

## တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများရှင်းလင်း

**မန္တလေး ဖေဖော်ဝါရီ ၈**

တရားရုံးချုပ်နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ရှင်းလင်းပွဲအခမ်းအနားကိုဇန်နဝါရီ ၂၉ရက် နံနက် ၉ နာရီခွဲက တရားရုံးချုပ် (မန္တလေး) သင်တန်းခန်းမ၌ ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်း**

ရှေးဦးစွာတရားရုံးချုပ်(မန္တလေး) ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး ပြစ်မှုညွှန်ကြားရေးမှူးဦးတင်ဝင်းနှင့်မန္တလေးတိုင်းတရားသူကြီး ဦးခင်ထွန်းတို့က အစည်းအဝေး အတွေ့အကြုံများနှင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၁၁၃)**

*စာမျက်နှာ ၁၅ မှ အဆက်*

အချက်အလက်တစ်ခုကို အဓိပ္ပာယ်တူ ဝါကျအမျိုးမျိုးနဲ့ လှည့်ပတ်ရေးနိုင်ကြပြီလို့လဲ ယူဆပါတယ်။ ဒီလိုရေးတတ်ရင် စာစီစာကုံးရေးရာမှာ အများကြီး အထောက်အကူပြုပါတယ်။ သဒ္ဒါကိုလည်း မနိုင်၊ ဝါကျကိုလည်း မှန်မှန်ကန်ကန် မရေးနိုင်ကြတဲ့ ကျောင်းသား ကျောင်းသူများဟာ စာစီစာကုံးနဲ့ ပေးစာတွေကို အလွတ်ကျက်တာ တွေ့ရတယ်။ တကယ်တော့ အလွတ်ကျက်မှတ်လို့ ကုန်တဲ့အချိန်နဲ့ မိမိဘာသာရေးလို့ကုန်မယ့်အချိန်ဟာ အတူတူလောက်ပဲ ဖြစ်ပါတယ်။ မိမိကိုယ်ပိုင်ရေးတဲ့ လေ့ကျင့်မှုရဲ့ အားသာချက်ကတော့ ရေးရင်းနဲ့ အမှားကိုသိလာတယ်။ ပြင်တတ်လာတယ်။ ပြီးတော့ ရေးရင်းရေးရင်းနဲ့ မိမိရေးဟန်ကို ပြင်တတ်လာမှာဖြစ်တယ်။ အဓိကကတော့ လေ့ကျင့်မှုတွေ အများကြီး လုပ်ကြဖို့ပဲ ဖြစ်တယ်။

တက္ကသိုလ်ဝင် စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းကောင်းရေးနိုင်ဖို့ အခုဖော်ပြမယ့် အချက်အလက်တွေကို သိရှိထားသင့်ပါတယ်။ ဒါတွေကတော့–

(၁) **အချက်အလက်မှန်ကန်ပြည့်စုံခြင်း**။ ရေးရမယ့် အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ခြင်းပဲ ဖြစ်တယ်။

(၂) **သက်ဆိုင်မှုရှိခြင်း**။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက် ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့၊ သတ်မှတ်လို့ အမှတ်မရနိုင်ဘူး။

(၃) **ဖွဲ့စည်းပုံကောင်းခြင်း**။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးစသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၄) **တင်ပြပုံကောင်းခြင်း**။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဘဝင်ကျအောင် ဖွဲ့နွဲ့တင်ပြနိုင်ခြင်း။

(၅) **ဘာသာစကားကောင်းခြင်း**။ သုံးတဲ့စကားလုံး ဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

ဒါကြောင့် စာစီစာကုံးနဲ့ ပေးစာတွေရေးရာမှာ အဆင့်ဆင့် ဆောင်ရွက်သင့်တာတွေကတော့ (၁)ရေးရမယ့် အကြောင်းအရာ၊ ခေါင်းစဉ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အရင်ဦးဆုံး စဉ်းစားရမယ်။ (၂)စာစီစာကုံးနဲ့ ပေးစာတွေရေးရာမှာ အသုံးပြုနိုင်တဲ့ စကားလုံးပုံစံ၊ ကြိယာပုံစံ၊ အသုံးအနှုန်း ဝေါဟာရနဲ့ ဝါကျဖွဲ့စည်း တည်ဆောက်ပုံများကို စဉ်းစားထားရမယ်။ ပေးထားတဲ့ ခေါင်းစဉ်နဲ့ ကိုက်ညီတဲ့ကာလ tense ကိုလည်း ရွေးချယ်ရမယ်။ (၃)ရရှိထားတဲ့ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး(၃)ပိုင်းမှာ ဘယ်လို အစီအစဉ်တကျ ရေးရမယ်ဆိုတာကို မှန်မှန်ကန်ကန် ရွေးချယ်ရပါမယ်။

နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ ကျောင်းသား ကျောင်းသူများဟာ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit၁၅ခုစလုံးရှိ စာတွေကို တစ်ခုမကျန် သေသေချာချာ ဖတ်ရှုမှတ်သားပြီး ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို တစ်နှစ်ပတ်လုံး ကြိုးကြိုးစားစားနဲ့ အလေ့အကျင့်များများ ပြုလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာဖြစ်တယ်။ အပတ်တကုတ် ကြိုးစားအားထုတ်ကြတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေ။ ။

**ဖေဖော်ဝါရီ ၄ရက်က မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ပျဉ်းမနားခရိုင်အသင်းခွဲ၏ အာဟာရနှင့် ဆေးလှူဒါန်းပွဲကို ပျဉ်းမနားမြို့ အမှတ်(၄၇)အခြေခံပညာမူလတန်းကျောင်း(မင်္ဂလာဇေယျာ)၌ ကျင်းပရာ ခရိုင်တိုင်းရင်း ဆေးမှူး ဦးသန်းဝင်း၊ ခရိုင်အသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးနှင့် ဆရာဆရာမများက ကျောင်းအုပ်ဆရာမကြီးဒေါ်ငွေကြည်နှင့် ဆရာဆရာမ ၁၅ ဦးနှင့် ကျောင်းသားကျောင်းသူများအား ဆေးဝါးများ လှူဒါန်းပြီး ကျန်းမာရေး ကြည့်ရှု စစ်ဆေးပေးစဉ်။** (၁၀၁)

**အထက(၁)သာကေတမှကျောင်းအုပ်ဆရာကြီးဦးမျိုးဝင်းနှင့် ဆရာမများက ငွေကျပ်၅၀၀၀၀နှင့် ဆရာမဒေါ်စန်းစန်းရင်မှ ကွယ်လွန်သူဖခင်ကြီးဦးအောင်ဇင်အား ရည်စူး၍ ငွေကျပ်၅၀၀၀၀ကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

## ရေဆိုးထုတ်မြောင်း စုပေါင်းရှင်းလင်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်က မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက်အကြားရှိ ရေဆိုးထုတ်မြောင်းမကြီးအား ရေစီးရေလာကောင်းမွန်ရေးနှင့် မြောင်းမကြီး တစ်လျှောက် သန့်ရှင်းသာယာလှပရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်)ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရေဆိုးထုတ်မြောင်း ရှင်းလင်းဖော်ထုတ်ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## သုံးဆယ်မြို့ လမ်းမတော်မူလတန်းကျောင်း (အငြိမ်းစား)ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအား (ပဌမအကြိမ်) ပူဇော်ကန်တော့ပွဲအခမ်းအနား

သုံးဆယ်မြို့နယ်၊ လမ်းမတော်မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက် (၈၈)နှစ်ရှိ (အငြိမ်းစား) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအား တပည့်ဟောင်းများက ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၅–၃–၂၀၀၅ရက်(စနေနေ့) နံနက် ၁၀နာရီတွင် အမှတ် ၆၅ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ သွားရောက်မည့် တပည့်များသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ကြပါရန်။

**ဦးငွေစိုး** ကျောင်းဆရာ(ငြိမ်း) အလယ်ကုန်းရပ်၊ သုံးဆယ်မြို့။
**ဦးစန်းလွင်** အရှေ့လက်ပံခုန်၊ သုံးဆယ်မြို့။
**ဒေါ်လွင်လွင်တင်** ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အလယ်ကုန်းရပ်၊ သုံးဆယ်မြို့။

## အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ရန်ကုန်တိုင်း တရားရုံး
## ၂၀၀၅ခုနှစ် တရားမအထွေထွေမှု အမှတ်–၁၉

ဦးအက်စ်အမ်အဘတ်(စ်) လျှောက်ထားသူ

(ကွယ်လွန်သူ ဦးအက်စ်ဖကီးမာမက် ကျန်ရစ်ခဲ့သည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝန်းဘုရားလမ်း အမှတ်(၁၆)တွင် နေထိုင်ခဲ့သော ဦးအက်စ်ဖကီးမာမက် ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်း လက်မှတ်စာထုတ်ပေးပါမည့်အကြောင်း၊ ဦးအက်စ်အမ်အဘတ်(စ်)က အမွေဆက်ခံရေးအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၅ခုနှစ် မတ်လ ၂၅ရက်နေ့ နံနက် ၉:၃၀အချိန်တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့်၊ ထိုကွယ်လွန်သူဦးအက်စ်ဖကီးမာမက်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် အမှုဆိုင်လိုပါက ချိန်းဆိုထားသောနေ့တွင် ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း၊ လာရောက် အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဦးအက်စ်အမ်အဘတ်(စ်)၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ထွန်းသိန်း**
**တွဲဖက်တိုင်းတရားသူကြီး(၁)**
**ရန်ကုန်တိုင်းတရားရုံး။**

## ပါရမီရှင်အပေါင်းသိရှိစေရန်
## စမတောင်တော်
## ဓမ္မဝိဇ္ဇာပါရမီလမ်းစဉ် သာသနာပြုစခန်း
## သာဝတ္ထိမြို့(လယ်ဝေးမြို့နယ်)၊ မန္တလေးတိုင်း

စမတောင်ပေါ်တွင်(၁၉၄၆)ခုနှစ်မှစ၍ အဖေရှင်၊ အဖေနွဲ့၊ အဖေလူတို့ တည်ထားကိုးကွယ်ခဲ့သော ဓာတ်ဘုရား(၆)ဆူအနက်မှ တစ်ဆူဖြစ်သော စမတောင်တော် ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးနှင့် ဓာတ်ပေါင်းစုစေတီ တော်တို့အား ရောင်တော်ဖွင့်၍ ရွှေသင်္ကန်းကပ်လှူရန်အတွက် စမတောင်တော် ဩဝါဒါစရိယ ဆရာတော်များဖြစ်တော်မူသော (ဘဒ္ဒန္တ အရိယဝံသ) မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ ပဏ္ဍိတ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဘဒ္ဒန္တ ဝိမလ စမတောင်ဆရာ တော်ကြီး(၃)ပါး၏ ဩဝါဒကိုခံယူပြီး (၁၆–၃–၂၀၀၅)ရက် တပေါင်းလဆန်း(၇)ရက်နေ့တွင် ရွှေသင်္ကန်း စတင်ကပ်လှူမည် ဖြစ်ပါသည်။ (၃၁)ဘုံ ကောင်းကျိုးရစေရန်ရည်မျှော်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း ကုသိုလ်တော်များ ပါဝင်လှူဒါန်းနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

(၃၁)ဘုံကောင်းဖို့

အကျိုးတော်ဆောင် ကမ္ဘာ့ကပ်ကျော်ဆုတောင်းပြည့် စေတီတော်(ဂေါပကအဖွဲ့)

**ဆက်သွယ်လှူဒါန်းနိုင်ရန်လိပ်စာ –**

၁။ စမတောင်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ဝိမလထံတွင်လည်းကောင်း၊(ဖုန်း–၈၂)
၂။ စမတောင်တော်ဂေါပကအလှူခံဌာနတွင်လည်းကောင်း၊(ဖုန်း–၈၂)
၃။ စမတောင်ဒုတိယဥက္ကဋ္ဌ ဦးမင်းယဉ်(သာဝတ္ထိ) ထံတွင်လည်းကောင်း၊(ဖုန်း–၆၄)
၄။ ကိုမျိုးကျော်– ၅၂၂၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက် (ဒဂုံမြောက်ပိုင်း)၊ ရန်ကုန်။ (ဖုန်း– ၇၀၆၈၆၇၊ ၀၉– ၉၀၃၁၁၈၃)။

## မွေးနေ့ဆုမွန်

သားငယ်လေး ဘုန်းအောင်မြင်(ခ) စိုင်းဆွမ်၏ ၂၄–၂–၂၀၀၅ရက်တွင် ကျရောက်သည့် နှစ်နှစ်မြောက်မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင် ကျန်းမာချမ်းသာပြီး ပညာထူးချွန် ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ။

**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားတို့နှင့်**
**ဖေဖေ– ဦးသန်းအောင် (Chief Engineer) M.V Little Angles**
**မေမေ– ဒေါ်ကေသီချော B.A (History)**
**ကိုကို– ဘုန်းမြတ်သန်း(ခ)စိုင်းဟွမ်**
**Grade 3(c), B.E.H.S (2) Kamayut**

## BM-401 ဘတ်စ်ကားများ ရောင်းရန်ရှိသည်

- ၇က/၆ ထောင်ကျော် ဟီးနိုးရှေ့နောက် HO-7C
- ၄က/၄ ထောင်ကျော် နီဆန်း ၁၀ တန် ရှေ့နောက် F.E.6-180 (အင်ဂျင်၊ သဘော်ချ)
- ၈/၅ ထောင်ကျော် အီစူဇူး (၆)တန် ရှေ့နောက် F.E.6-180 (ဘော်ဒီအသစ်)

ဘော်ဒီ၊ ဆေး၊ အသစ်ပြုပြင်ထားပါသည်။ (သုံးရန်အသင့်)

**ဆက်သွယ်ရန်ဖုန်း –** ၇၀၆၆၅၉၊ ၇၂၅၂၄၁။

## ကန့်ကွက်နိုင်ပါသည်

လှိုင်သာယာမြို့ မြေတိုင်းရပ်ကွက် သကတ–၁၃/၇၉ အမည်ပေါက်ဦးညွန့်လှိုင် ပါမစ် မှာဝယ်ယူထားသောဦးကြည်လင်း၏ လက်ဝယ်မှပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန (မြေနှင့်အခွန်ဌာနခွဲ)တွင် ပါမစ်မိတ္တူလျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၇ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်လက်ဝယ်ရှိသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကြည်လင်း**
**၇၉/သောင်ကြီးလေးကျေးရွာ**
**ရေဥက္ကံကျေးရွာအုပ်စု။**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန္တာအောင်၏ နိုင်ငံကူးလက်မှတ် ၄၀၁၆၅၆ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**မသန္တာအောင်**
**၇၂၇၆၇၆။**

## အမည်ပြောင်း

ကော့သောင်းမြို့ အဏ္ဏဝါရပ်၊ တွဲဖက် အလက သတ္တမတန်း (B)မှ မောင်ဝေယံဝင်း (ဘ)ဦးဖိုးထော်အား ယနေ့မှစ၍ မောင်အံ့ထူးမော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အံ့ထူးမော်။**




## အမှာစကားပြော

**ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ ၂၀၀၂–၂၀၀၃၊၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က သန်လျင်မြို့ ခရိုင်ဂျီအီးစီ ခန်းမ၌ကျင်းပရာ သဘာပတိ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်သိန်း အမှာစကားပြောကြားစဉ်။**(ခရိုင် ပြန်/ဆက်)

## မြို့နယ်ပညာရေးမှူးဒိုင်း မူလတန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**နေပြည် ဖေဖော်ဝါရီ ၅**

နေပြည်မြို့နယ် ပညာရေးမှူးဒိုင်း အခြေခံပညာ မူလတန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၅ရက်မှ ၁၄ရက်အထိ နေပြည်မြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ မူလတန်း နယ်မြေ ၁၂ခုမှ အခြေခံပညာ မူလတန်းကျောင်းပေါင်းစုံပြိုင်ပွဲကို ဘောလုံးအသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ၁၄ရက်တွင် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ရေလဲနယ်မြေ ဘောလုံးအသင်းနှင့် ရုံးချောင်းနယ်မြေ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေလဲနယ်မြေ ဘောလုံးအသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆက်လက်၍ ဆုပေးပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစန်းက အနိုင်ရဗိုလ်စွဲသွားသော ရေလဲနယ်မြေ ဘောလုံးအသင်းအားဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)(၀၈၅)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## သရုပ်ပြလေ့ကျင့်

ဖေဖော်ဝါရီ ၁၂ ရက်က ညောင်လေးပင်မြို့ အမှတ်(၀၈) **ဖွဲ့နှုဆီစက် စက်ရုံမှူး ဦးအောင်တင်စိုး နှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင် တိုးနှင့် သန္နိမ်းသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်ရုံမီးဘေးကြိုတင် ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး အတွက် လက်တွေ့သရုပ်ပြလေ့ကျင့် စဉ်။** (၁၃၄)

**တောင်သာမြို့နယ် မကြီးချိုကျေးရွာတွင် ဇန်နဝါရီ ၃၀ ရက်က စံပြကျေးရွာ အင်္ဂါရပ်များနှင့်ညီညွတ်စေရန် အမှုဆောင်အရာရှိ ဦးကြင်အေး နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစောသန့်ဆွေတို့ ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ် ပြန်/ဆက်)

## မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်

**ပင်လောင်း ဖေဖော်ဝါရီ ၁၁**

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် အဖွဲ့ပိုင်ဘုရင့်နောင်ပန်းခြံ၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များ စီမံချက်နှင့်အညီ စိုက်ပျိုးကြသည်။

အောင်ပန်း–လွိုင်ကော်လမ်းဘေး မြို့အဝင်ဆိုင်းဘုတ်နေရာတွင် ဇန်နဝါရီ ၃၀ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

# နိုင်ငံတော်အကြီးအကဲ ပိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ စတက်ချ်ပမ်၊ မက်စစ်ချ်၏ ဒုတိယသက်တမ်း စတင်ထမ်းဆောင်သည့် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖေဖော်ဝါရီ ၂၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းသပိတ်တော်ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# ဖွံ့ဖြိုးဆဲနိုင်ငံများ၏အနာဂတ်မှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်နေ အာဆီယံအဖွဲ့ကြီး၏ ဒေသတွင်းစည်းလုံးရေးနှင့် စီးပွားရေးပေါင်းစည်းမှု များစွာအလေးထား

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း**

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမှ ဖေဖော်ဝါရီ၂၁ရက်က တည်ခင်းသော နေ့လယ်စာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

စာမျက်နှာ ၄ ကော်လံ ၁ ●

# ဝန်ကြီးချုပ်၏ အပြုသဘောဆောင်သည့်ဆက်ဆံရေးကို တည်ဆောက်နိုင်ရန်စီစဉ်ခဲ့၍ ဝမ်းမြောက်ဂုဏ်ယူ မြန်မာနှင့်အာဆီယံတို့ သာတူညီမျှလက်တွဲဆောင်ရွက်သွားနိုင်ကြရန် ဆုမွန်ကောင်းတောင်း

**ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယို**

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ် အာရိုယိုပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

စာမျက်နှာ ၄ ကော်လံ ၄ ■